ကြေးမှုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ (14-1-2015) (စဝဝ၅)

မိတ်ဆွေစစ် (၄)မျိုး

- မိမိအား ကျေးဇူးပြုသူ မိတ်ဆွေစစ်၊
- ချမ်းသာဆင်းရဲ အတူဖြစ်သူ မိတ်ဆွေစစ်၊
- အကျိုးစီးပွားကို ညွှန်ပြတတ်သော ဆရာနှင့်တူသူ မိတ်ဆွေစစ်၊
- ညှာညှာတာတာ စောင့်ရှောက်တတ်သူ မိတ်ဆွေစစ်။

ဆက်သွယ်ရေးကွန်ရက်၊ စျေးကွက်နှင့် ဘဏ္ဍာရေးလုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံ ကေဒီဒီအိုင်ကော်ပိုရေးရှင်းဥက္ကဋ္ဌ မစ္စတာ တာကာရှိ တာနာကာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီက နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✰

ထူးခြားသည့် ညအပူချိန်များ

ဟားခါး

သုည ဒီဂရီစင်တီဂရိတ်

နမ့်စန်

၂ ဒီဂရီစင်တီဂရိတ်

ပူတာအို

၃ ဒီဂရီစင်တီဂရိတ်

လားရှိုး

၄ ဒီဂရီစင်တီဂရိတ်

သီပေါ

၆ ဒီဂရီစင်တီဂရိတ်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနေမည်။

ရမည်းသင်းခရိုင်အတွင်း စပျစ်စိုက်ပျိုးခြင်းဖြင့် တောင်သူများစီးပွားဖြစ်ဝင်ငွေတိုး

သတင်းနှင့် ဓာတ်ပုံ-အေးအေးမြင့်(ကြေးမုံ)

ရမည်းသင်း ဇန်နဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရွှေဒါးတိုက်နယ် ဘုရားကုန်းကျေးရွာရှိ တောင်သူများသည် စပျစ်ခြံများကို အလေးထားစိုက်ပျိုးလျက်ရှိရာ ယခုနှစ်ရာသီအတွက် စပျစ်သီးများ ဈေးကွက်အတွင်းစတင်ဝင်ရောက်နေရာယူနေပြီဖြစ်သည်။

"စပျစ်သီးကို သီတင်းကျွတ်လဆုတ်ကနေ ကိုင်းကူးပျိုးပြီးတော့ နတ်တော်လဆန်းမှာ စိုက်ပါတယ်။ တစ်နှစ်ကို အနည်းဆုံး နှစ်ခါပုံမှန်ပေါ်ပြီး အများဆုံးသုံးခါပေါ်ပါတယ်။ အခု ဆောင်းရာသီဖြစ်တဲ့ တပို့တွဲလကနေစပြီး အသီးတွေကို ခူးရောင်းလို့ရနေပါပြီ။ ဒီနှစ်ကတော့ အစပိုင်းဆိုတော့ ဈေးကောင်းသိပ်မရသေးဘူး။ တစ်ပိဿာကို ငွေကျပ် ၁၁၀၀၊ ၁၂၀၀ လောက်ပဲရသေးတယ်။ စပျစ်သီးက အပူစာဆိုတော့ ရာသီဥတု ပူလာရင်ဈေးကောင်းရနိုင်တယ်။ အခု ရာသီဥတုကအေးတော့ ဈေးကငြိမ်နေသေးတယ်။ တန်ခူးလလောက်ဆိုရင်တော့ ဈေးကောင်းရပါပြီ။ မနှစ်ကတော့ ပိုမြတ်တယ်။ တစ်ပိဿာကို ပေါ်ပေါ်ချင်း ငွေကျပ် ၁၄၅၀၊ ၂၀၀၀၊ ၂၃၀၀ ထိ အစားစားရပါတယ်"ဟု စပျစ်စိုက်တောင်သူ ဦးအောင်ဆန်းက ပြောသည်။

ရမည်းသင်းခရိုင်သည် ကျေးရွာပေါင်း ၂၄ ရွာရှိပြီး စပျစ်စိုက်ဧက ၂၀၀၀ ကျော်ရှိကြောင်း သိရသည်။ စပျစ်စိုက်ပျိုးရန်အတွက် အပင် ၄၁၀ ကို တိုင် ၄၆၄ လုံး၊ ဝါး၊ သွပ်ကြိုး၊ ဘေးယောက်တန်း၊ မိန်းနှစ်တန်း၊ အစာဖိုး၊ ဆေးဖိုး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေးနှင့် လုပ်အားခပါ အားလုံးပေါင်း

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

တိုင်းရင်းသားရေးရာဝန်ကြီးများ၏ သဘောထားထုတ်ပြန်ချက်

စာမျက်နှာ - ၉



ကြေးမုံ စာတည်းရှေ့ဆုံး ၁၄-၁-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

အစားမတော် တစ်လုတ်

"အစားမတော် တစ်လုတ်၊ အသွားမတော် တစ်လှမ်း" မြန်မာစကားပုံအတိုင်း အစားမတော်လျှင် တစ်လုတ် စားရုံ၊ အသွားမတော်လျှင် ခြေတစ်လှမ်းလှမ်းရုံဖြင့် အန္တရာယ်ဖြစ်စေနိုင်ပါသည်။ မျက်မှောက်ကာလ လူတို့စားသည့် အစားအစာများတွင် သန့်ရှင်းလတ်ဆတ်၍ ဓာတုဆေးဝါး ကင်းစင်ပါမှ ခွန်အားဖြစ်သောအစာ ဖြစ်နိုင်ပါသည်။ အစာလည်းဆေး ဆေးလည်း အစာ ဆိုသကဲ့သို့ စားသုံးသူအား သက်စောင့်ဓာတ်ကို ပေးစွမ်းနိုင်ပါသည်။

ယနေ့လူတို့ နေ့စဉ်စားသုံးနေရသည့်၊ အာဟာရအဖြစ်မှီဝဲနေရသည့် စားသုံးကုန်သီးနှံနှင့် ဟင်းသီးဟင်းရွက်အားလုံးနီးပါး ဓာတုဆေးနှင့် မကင်းပါဟုဆိုလျှင် လွန်မည်မထင်ပါ။ စိုက်ခင်းများတွင် ပိုးမွှားအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် ဓာတုပိုးသတ်ဆေးမျိုးစုံကို စနစ်တကျ သုံးစွဲသူများ ရှိသကဲ့သို့ စနစ်မမှန်သုံးစွဲသူများလည်း ရှိမည်ဖြစ်သည်။ ဥပမာ ကန်စွန်းခင်းတွင် ပိုးသတ်ဆေးဖျန်းမည်။ သတ်မှတ်ဆေးအာနိသင်ပြယ်ချိန် မရောက်မီ ခူးဆွတ်ရောင်းချမိလျှင် စားသုံးသူကို အန္တရာယ်ဖြစ်စေမည်။ အခြားစိုက်ခင်းများလည်း ထိုနည်းနှင်နှင်။

စားသုံးဆီတွင် အစစ်အမှန်ထက် အရောအနှောလည်းပါဝင်တတ်သည်။ စစ်ဆေးပြီးမဟုတ်သည့် တရားမဝင် စားသုံးဆီများမှာ အန္တရာယ်ရှိသော အမျိုးအစားဖြစ်သည်။ ငရုတ်သီးမှုန့်၊ နနွင်းမှုန့်၊ မျှစ်များအား အရောင်ဆိုးကြကြောင်း သိရသည်။ နိုင်ငံသားများ ပုံမှန်စားသုံးနေကျ ပုံမှန်ဇည့်ခံနေကျ အစားအစာနှစ်မျိုးရှိသည်။ လက်ဖက်နှင့် ကွမ်းမှာ ဓလေ့ထုံးစံဟုဆိုလျှင်လည်း မမှားပါ။ ရှေးရိုးအစဉ်အလာ ရိုးရာအစားအစာဟုဆိုသော်လည်း လက်ရှိကာလ၌ ပြန်လည်ပြုပြင်ဖြည့်စွက်လာသော အသင့်စားကွမ်းပေါင်း၊ ကွမ်းစားဆေးတို့ နိုင်ငံအတွင်း ပျံ့နှံ့လာသောအခါ ကင်ဆာရောဂါကို ဖိတ်ခေါ်သကဲ့သို့ ဖြစ်လာသည်။

လက်ဖက်ကိုလည်း အရောင်တင်ဓာတုဆေးများ သုံးစွဲမှုရှိလာ၍ ဖော်ထုတ်စစ်ဆေးမှုများ ပြုကြရသည်။ ငါးပိ၊ ငါးခြောက်တွင်လည်း တာရှည်ခံ၊ ယင်မနားအောင် ဓာတုဆေးသုံးကြ၍ စားသုံးသူအတွက် အနည်းနှင့်အများ ဘေးဖြစ်စေနိုင်သည်။ အထူးသဖြင့် နေ့စဉ်စားသုံးသော အစားအစာများတွင် ကလေးများအတွက် အသင့်ထုပ်အစားအစာများက အန္တရာယ်အများဆုံးဟု ဆိုနိုင်ပါသည်။ ကျောင်းမုန့်ဈေးတန်းများကို အလေးထားစစ်ဆေးကြပ်မတ်ကြရမည်ဖြစ်သည်။

ဤကဲ့သို့သော လူကိုအန္တရာယ်ဖြစ်စေမည့် ဓာတုနှင့်ဆေးဆိုးအစားအစာများကို အစားအစာစစ်ဆေးရေးအဖွဲ့က စစ်ဆေးတော့မည်ဟု သိရသဖြင့် စားသုံးသူများအတွက် သုတိမင်္ဂလာသတင်းစကားဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဈေးများအတွင်း ရောင်းချလျက်ရှိသော စားသောက်ကုန်များအား ကျန်းမာရေးနှင့်ညီညွတ်ခြင်း ရှိ၊ မရှိ သိရှိနိုင်ရန် မိုဘိုင်းကားဖြင့် လှည့်လည်စစ်ဆေးအရေးယူတော့မည်ဟု ဆိုထားသည်။ အပတ်စဉ် စစ်ဆေးမည်ဖြစ်ပြီး ထိထိရောက်ရောက် အစဉ်အမြဲဆောင်ရွက်နိုင်စေရန် ဆန္ဒပြုမိသည်။

အရောင်းဆိုင်မှ နမူနာယူပြီး မိုဘိုင်းကားပေါ်တွင် ချက်ချင်းအဖြေထုတ်ကာ ကျန်းမာရေးနှင့် မညီညွတ်ကြောင်း တွေ့ရှိရပါက စည်ပင်သာယာရေးကော်မတီသို့ အပ်နှံကာ ဥပဒေအတိုင်း အရေးယူလုပ်ဆောင်သွားမည်ဟု သိရသည်။ ရန်ကုန်တိုင်းဒေသကြီးသာမက မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တွင်ပါ လုပ်ဆောင်သွားမည်ဟု ဆိုထားသည်။

ပင်ရင်းဆိုင်ကြီးများအား စစ်ဆေးဆောင်ရွက်သကဲ့သို့ ဆိုင်ငယ်များအားလည်း စစ်ဆေးဆောင်ရွက်ရန် အရေးကြီးသည်။ အထူးသဖြင့် ကျောင်းမုန့်ဈေးတန်းများပါမကျန် စစ်ဆေးဆောင်ရွက်ခြင်းဖြင့် မျိုးဆက်သစ် လူငယ်များအား ကာကွယ်စောင့်ရှောက်ပေးရာရောက်သည်။ ကျောင်းမုန့်ဈေးတန်းသည် ကလေးများ၏ကျန်းမာရေးအတွက် အရင်းအမြစ်ဖြစ်သည်။

ခေတ်စနစ်ပြောင်းလဲလာသည့်အလျောက် အစားအစာများခေတ်မီလာသည်ဆိုသော်လည်း လူငယ်လူရွယ်များနှင့်ပြည်သူများ အန္တရာယ်ကင်းသော အစားအစာများကို စားသုံးနိုင်စေရန်အတွက် ရိုးရာအစားအစာများကို ပြန်လည်ဖော်ထုတ်ရောင်းချပေးခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းရာလည်း ရောက်မည်ဖြစ်ပါသည်။ ။

နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၃

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာမာတင်တလာပါနှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၅ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ၍**(အပေါ်ပုံ)** နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးအမြင်ချင်းဖလှယ်ကြသည်။ **(သတင်းစဉ်)**

ဒေသဖွံ့ဖြိုးရေးတွင် လူငယ်များပါဝင်မှုဆိုင်ရာ လူငယ်ဖိုရမ် အခမဲ့တက်ရောက်နိုင်

ရန်ကုန် ဇန်နဝါရီ ၁၃

အရှေ့တောင်အာရှလူငယ်ဖွံ့ဖြိုးမှုအစီအစဉ်မှ လူငယ်များဦးဆောင်၍ "ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများတွင် လူငယ်များ၏အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ဆွေးနွေးမည့် လူငယ်ဖိုရမ်ကို ရန်ကုန်မြို့ အမေရိကန်သံရုံး၌ ဇန်နဝါရီ ၁၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် အာဆီယံစီးပွားရေးတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော လူငယ်များဖြစ်အောင် ဆောင်ရွက်ကြမည့် နည်းလမ်းများ၊ အာဆီယံနှင့် အာရှနိုင်ငံများတွင် လူငယ်များနှင့်သက်ဆိုင်သော အခန်းကဏ္ဍများ၊ ဒေသတွင်းဖွံ့ဖြိုးမှု လုပ်ငန်းများတွင် လူငယ်များ ပါဝင်နိုင်မှုနှင့် လူငယ်များ၏ အခန်းကဏ္ဍများကို ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်သည်။

ဆွေးနွေးပွဲကို ရန်ကုန်မြို့ တော်ဝင်လမ်းရှိ အမေရိကန်စင်တာတွင် ညနေ ၃ နာရီခွဲမှ ၅ နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်ကာ စိတ်ပါဝင်စားသူများ အခမဲ့တက်ရောက်နိုင်ကြောင်း အမေရိကန်သံရုံးမှ ကြေညာထားသည်။ **(မိုးသူ)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်	ရွှေဈေး	၆၇၁၅၀၀	-	၆၇၂၅၀၀
မန္တလေး	ရွှေဈေး	၆၇၁၅၀၀	-	၆၇၂၅၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၇၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၉၅၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၆၇၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၅ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၁၀၂၅.၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၂၁၃.၉
(ဂ)	တရုတ်	တစ်ယွမ်	= ၁၆၅.၀၉
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၁.၂၁
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၈၇.၇၂
(စ)	အိန္ဒိယ	တစ်ရုပီး	= ၁၆.၄၃၈
(ဆ)	ဂျပန်	တစ်ရာယန်း	= ၈၆၉.၆၄
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၄.၃၉၉
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၄၀.၈၅
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၆၈.၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

GOLDEN STAR
Scania,Volvo,Yutong
Ph: 206200, 430480, 544383, 703448, 703968
01-348970, 09-73001488, 09-396041709
Jan 22
0931815390, 0931815395
6+1 FREE
UNIQUE STAR TRAVELS & TOURS

ပြည်တွင်းရေးရာ

လယ်ယာကဏ္ဍကို ယခုထက် နီးနီးကပ်ကပ်လက်တွဲပူးပေါင်း အရှိန်အဟုန်မြင့်တင်ဆောင်ရွက်ပေး

နေပြည်တော် ဇန်နဝါရီ ၁၃

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့စုံညီလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းတက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ ပြည်သူ့လွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်ကောင်စီ၊ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်၊ ဗဟိုသမဝါယမအသင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ အများစုသောကျေးလက်နေပြည်သူများဖြစ်သည့် တောင်သူလယ်သမားဘဝမြှင့်တင်ရေးကို မိမိတို့အစိုးရအနေဖြင့် ဦးစားပေးလုပ်ငန်းအဖြစ်သတ်မှတ်ပြီး တောင်သူလယ်သမားများ၏ စိုက်ပျိုးမွေးမြူထုတ်လုပ်မှုသာမက ကျေးလက်အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးပြီးအလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းအဆင့်ဆင့်ဖြင့် အလေးထားအကောင်အထည်ဖော်ပေးလျက်ရှိပါကြောင်း၊ လုပ်ငန်းပမာဏကြီးမားသည့်အတွက် ရေတို၊ ရေရှည်အစီအမံများနှင့် နှစ်အလိုက် အချိန်ယူကာ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ခိုင်မာသော ဥပဒေကျောထောက်နောက်ခံရနိုင်ရန်အတွက် လိုအပ်သည့် ဥပဒေမူဘောင်များ ချမှတ်ပြဋ္ဌာန်းပေးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၂၃)နှင့်အညီ ပြဋ္ဌာန်းထုတ်ပြန်ထားသည့် "တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ" သည် အဓိကကျပါကြောင်း။

ယင်းဥပဒေ၏ ရည်ရွယ်ချက်(၅)ရပ်မှာ တောင်သူလယ်သမားများ အရင်းအနှီးရရှိရေးအတွက် သင့်တင့်သည့် ချေးငွေအကူအညီများပေး၍ အထောက်အကူပြုရန်၊ ထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူလယ်သမားများအား နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာများကို လွယ်ကူအဆင်ပြေစွာ ပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသည့် စျေးနှုန်းနှင့် စျေးကွက်ရရှိရေးတို့အတွက် တောင်သူလယ်သမားများအား ကူညီဆောင်ရွက်ရန်၊ လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးကို ထိရောက်စွာဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူပြု ပံ့ပိုးပေးရန်တို့ဖြစ်ပါကြောင်း။

အဆိုပါရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ဦးဆောင်အဖွဲ့နှင့် နည်းဥပဒေရေးဆွဲရေးကော်မတီတို့သည် လယ်ယာကဏ္ဍ ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ဥပဒေပညာရှင်များ၊ ဆက်စပ်သည့်ဌာနဆိုင်ရာပုဂ္ဂိုလ်များပါဝင်သည့် အစည်းအဝေးများ အကြိမ်ကြိမ် ကျင်းပခဲ့ပြီး နည်းဥပဒေရေးဆွဲခဲ့ပါကြောင်း။

နည်းဥပဒေရေးဆွဲရာတွင် မူလပြဋ္ဌာန်းထားသည့် ဥပဒေနှင့်ညီညွတ်ရန် လိုအပ်သကဲ့သို့ မူလပြဋ္ဌာန်းထားသည့် ဥပဒေကိုလည်း ကျော်လွန်၍မရပါကြောင်း၊ ထို့အပြင် နိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုနားလည်သဘောပေါက်လိုက်နာကျင့်သုံးနိုင်ရန် ရေရှည်တည်တံ့ခိုင်မြဲပြီး ပျော့ကွက်ဟာကွက်များ ကင်းစင်၍ ထုတ်ပြန်ထားပြီးဖြစ်သည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်လည်း ညီညွတ်ပြည့်စုံရန် လိုအပ်ပါကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် လိုအပ်သည့် အကြံဉာဏ်များပေးသွားကြရန် ဖြစ်ပါကြောင်း။

ဦးဆောင်အဖွဲ့အနေဖြင့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ အခန်း ၃၊ ပုဒ်မ ၅ ပါ လုပ်ငန်းတာဝန်များဖြစ်သည့် တောင်သူလယ်သမားများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေသည့် သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ခြင်း၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံပုံစံ မှန်ကန်စွာရွေးချယ်စိုက်ပျိုးနိုင်ရန် ပညာပေးခြင်း၊ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းအတွက် လိုအပ်သည့်အချိန်၌ ချေးငွေနှင့် အကူအညီများ စီစဉ်ဆောင်ရွက်ပေးခြင်းစသည့် လုပ်ငန်းတာဝန် ၁၃ ချက်ကို နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဥပဒေ၏ ရည်ရွယ်ချက်ကို အောင်မြင်ပြီးမြောက်စေနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးသည့် ဥပဒေနှင့်ဆက်စပ်နေသော ပြဋ္ဌာန်းပြီးဖြစ်သည့် လယ်ယာမြေဥပဒေ၊ အခန်း(၁၀) ပုဒ်မ(၂၈)၊ (၂၉)၊ (၃၀)၊ (၃၁)တို့နှင့်အညီ စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်သော လယ်ယာမြေများကို အခြားနည်းဖြင့် အသုံးပြုရာတွင် လိုက်နာရမည့် လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်များကို ဂရုပြုကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ အမှန်တကယ်စိုက်ပျိုးနေသည့် လယ်ယာမြေအချို့သည် စာရင်းအရ သစ်တောမြေ၊ စားကျက်မြေများဖြစ်သည့်အတွက် နစ်နာဆုံးရှုံးမှုများရှိနေသည်ဟု ကြားသိနေရပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ဝန်ကြီးဌာနများအနေဖြင့် အမှန်တကယ်စိုက်ပျိုးထားရှိသည့် စိုက်ပျိုးမြေများကို တောင်သူလယ်သမားများ အမြန်တရားဝင်လုပ်ကိုင်စိုက်ပျိုးခွင့်ရရှိရေးလုပ်ငန်းကို အဓိကအရေးကြီး တာဝန်တစ်ရပ်အနေဖြင့် အောက်ခြေတွင် ပြီးပြတ်သည်အထိ မျက်ခြည်မပြတ် ဆောင်ရွက်ပေးကြရန်လည်း တိုက်တွန်းလိုပါကြောင်း။

အမှန်တကယ် စိုက်ပျိုးပြီးမြေများကို တရားဝင်လုပ်ကိုင်အသုံးပြုခွင့် ပုံစံ(၇)ခွင့်ပြုထုတ်ပေးခြင်းအားဖြင့် တောင်သူလယ်သမားများအတွက် စိုက်ပျိုးသီးနှံအလိုက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ယူခွင့်ရရှိနိုင်မည်သာမက ဥပဒေကြောင်းအရ ခံစားခွင့်များကိုလည်း ရရှိခံစားနိုင်ကြမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော်နေကြသော တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ လယ်ယာကဏ္ဍနှင့် တိုက်ရိုက်ဆက်စပ်ဆက်နွယ်နေကြသည့် ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်ဆောင်ရွက်ကြရမည့်အသင်းအဖွဲ့များအားလုံး ယခုထက်ပိုမို၍ နီးနီးကပ်ကပ် လက်တွဲပူးပေါင်းအရှိန်အဟုန်မြင့်တင်ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်းဖြင့် မှာကြားသည်။

ထို့နောက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ ပြည်သူ့လွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌတို့က သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့သည်။

(သတင်းစဉ်)

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၃

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် တိုင်းရင်းသားရေးရာဝန်ကြီး ၂၉ ဦးတို့ တက်ရောက်ပြီး တွေ့ဆုံညှိနှိုင်းခြင်းဖြစ်၍ ထူးခြားသည့် အစည်းအဝေးဟု ပြောနိုင်ပါကြောင်း၊ မိမိတို့လွှတ်တော်များက အလေးထားဆောင်ရွက်နေသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များကို များစွာအထောက်အကူပြုမည်ဟု ယူဆပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ဖော်ပြထားချက်အရ ဥပဒေပြုရန် လိုအပ်သည်ဟု ယူဆပြီး ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်၏ အဆိုတင်သွင်းချက်အရ အဆိုအောင်မြင်၍ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ ယင်းသို့ဆွေးနွေးချက်များအပေါ်မူတည်၍ ဥပဒေကြမ်း တင်သွင်းခဲ့ပြီး ပြည်သူ့လွှတ်တော်မှ စတင်ဆွေးနွေးကာ အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်တွင် အလေးအနက်ထားဆွေးနွေးပြီးဖြစ်၍ ပြင်ဆင်ချက်

အဆိုများဖြင့် ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ထားပါကြောင်း၊ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးပြီးအားလုံးသဘောတူပါက ပြည်ထောင်စုလွှတ်တော်က သဘောတူသည်ဟု မှတ်ယူကာ နိုင်ငံတော်သမ္မတထံ ပေးပို့မည်ဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်၌ သဘောတူညီမှုမရှိပါက ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

တိုင်းရင်းသားရေးရာဝန်ကြီးများ နေပြည်တော်သို့ ရောက်ရှိခိုက် မိမိတို့လွှတ်တော်၏ လုပ်ဆောင်ချက်များသိရှိအောင်၊ အကြံပြုချက်များပေးနိုင်အောင် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်း မကြာမီအသက်ဝင်အောင်ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် တိုင်းရင်းသားရေးရာဝန်ကြီးများ၏ အခန်းကဏ္ဍမြင့်မားလာမည်ဖြစ်ကြောင်း၊ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၌ ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မာတင်တလာပါဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ည နေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံသားမှေ့ကျန်ပစ္စည်း ပြန်လည်ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၃

ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီခန့်က ပြင်သစ်နိုင်ငံသား THINEY MAURICE MARCEL (PP NO-12 CV88719 Visa No B801381) နှင့် ဇနီးတို့သည် ဗဟန်းမြို့နယ် ဝက်ဘာလမ်း ရိန်းဘိုးဟိုတယ်မှ တက္ကစီဖြင့် ဗိုလ်ချုပ်အောင်ဆန်းစျေးသို့ ရောက်ရှိခဲ့ပြီး အဆိုပါ တက္ကစီပေါ်တွင် Cannon အမျိုးအစား ကင်မရာအကြီးတစ်လုံး၊ စာရွက်စာတမ်းများ ထည့်ထားသည့် ပလတ်စတစ်အိတ်တစ်လုံး၊ မိုးကာ အကျီနက်ပြာရောင် တစ်ထည်နှင့် အဆိုပါပစ္စည်းများ ထည့်ထားသည့် ANDY စာတန်းပါ အိတ်တစ်လုံး မေ့ကျန်ခဲ့သည်။

အဆိုပါ ပြင်သစ်နိုင်ငံသားများသည် ၎င်းတို့၏ ကင်မရာထည့်ထားသောအိတ်အား ကူညီရှာဖွေပေးနိုင်ရေး ဗိုလ်ချုပ်အောင်ဆန်းစျေးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အမှတ်(၂)ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စုမျူးရုံး (ရန်ကုန်)သို့ လာရောက်အကြောင်းကြားခဲ့ရာ တက္ကစီကားနံပါတ် မမှတ်မိသဖြင့် CITY FM မှ ကြော်ငြာနိုင်ရေး အမှတ်(၂)ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့စုမျူးရုံး (ရန်ကုန်)မှ ကူညီဆောင်ရွက်ပေးခဲ့သည်။

ဇန်နဝါရီ ၁၂ ရက် ညနေ ၄ နာရီခွဲခန့်တွင် တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် ဒဂုံလွင်လမ်း တိုက်(၆) အခန်း (၁၀၄)တွင် နေထိုင်သူ ကိုမင်းမောင်မောင်က အမှတ်(၂)ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စုမျူးရုံး (ရန်ကုန်)နှင့် ဆက်သွယ်ကာ ကားပေါ်တွင် ပါလာသောပစ္စည်းများ အပ်နှံလိုကြောင်းဖုန်းဖြင့် အကြောင်းကြားလာသဖြင့် ပြင်သစ်နိုင်ငံသားများ တည်းခိုနေထိုင်သည့် ရိန်းဘိုးဟိုတယ်မှတစ်ဆင့် ပြင်သစ်နိုင်ငံသားများနှင့် ဆက်သွယ်ခဲ့ပြီး တက္ကစီကားပေါ် ပါသွားသောပစ္စည်းများအား တက္ကစီကားဆရာနှင့်အတူ စနစ်တကျ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုယ့်အားကိုယ်ကိုး အမက(ခွဲ)ကျောင်းဆောင်သစ်ဖွင့်

ညောင်တုန်း ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ပါလဲ့ကျေးရွာအုပ်စု ပါလဲ့ကုန်းစုကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး အမက(ခွဲ)ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၁ ရက်နံနက်ပိုင်းက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ အလျှုရှင်များ ကိုယ်စား ရန်ကုန်မြို့မှ ဒေါ်လှမြင့်က ကျောင်းဆောင်သစ် ဆောက်လုပ်လျှုဒါန်းရခြင်းအကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများအား မြို့နယ်လက်ထောက်ပညာရေးမှူးက အမက(ခွဲ)ကျောင်း၏ ပင်မကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်ဦးသို့ ပေးအပ်သည်။

ယနေ့ဖွင့်လှစ်လိုက်သော ကျောင်းဆောင်သစ်သည် အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ နှင့် အုတ်ကာ၊ ကွန်ကရစ်ခင်း၊ သွပ်မိုးဖြစ်ပြီး ရန်ကုန်မြို့မှ အလျှုရှင် ငါးဦး၏ လျှုဒါန်းငွေ ကျပ်သိန်း ၁၂၀၊ ကျေးရွာပြည်သူများမှ ထည့်ဝင်လျှုဒါန်းငွေ ကျပ်သိန်း ၂၀ နှင့် အဆောက်အအုံအားလုံးအတွက် လုပ်အားလျှုဒါန်းပြီး စုစုပေါင်း သိန်း ၁၄၀ ကုန်ကျကြောင်း သိရသည်။ **(ဝ၇၆)**

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၁၄-၁-၂၀၁၅ (ဗုဒ္ဓဟူးနေ့)

- ၆း၀၀ အဖွင့် -လွင်မိုးခရီးသွားနေသည် (မြိတ်ကျွန်းစုများဆီသို့) (အပိုင်း-၃)
- ၆း၃၀ အလက်ာကျော်စွာ ရွှေပြည်အေး နှစ်(၁၀၀)ပြည့် ဂုဏ်ပြုတေးများ(အပိုင်း-၄)
- ၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲကတေးကဗျာ" (အပိုင်း-၁၀)
- ၇း၁၅ ဝတ်စားဆင်ယင်မှုပြပွဲ
- ၇း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ ကြေးမုံသွင်"(အပိုင်း-၁၉)
- ၈း၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ ကြေးမုံသွင်"(အပိုင်း-၂၀)
- ၉း၁၀ တေးဂီတအစီအစဉ် (စတီရီယို)
- ၉း၂၀ ပြည်သူ့နီတိ "စေတနာရေစီးကမ်းပြိ"
- ၉း၃၅ ASEAN China Cultural Show (Singapore)
- ၉း၅၀ မြန်မာရုပ်ရှင် (ဖြူ/မဲ) "သည်ယောင်ယံက မခွာရက်နိုင်တယ်" (ကောလိပ်ဂျင်နေဝင်း၊ ဒေစီကျော်ဝင်း) (ဒါရိုက်တာ-မန္တလေးအောင်ဝင်း
- ၁၂း၀၀ အစီအစဉ်ပြီး၏။

တစ်နေ့ ၆ နာရီစာ လေးကြိမ် ပြသပါမည်။

ပြည်တွင်းရေးရာ

ပြုပြင်ပြောင်းလဲမှုများကို ဘက်ပေါင်းစုံမှ ကြိုးစားဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၃

Open Government Partnership အဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သမ္မတရုံး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မိမိတို့အစိုးရ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုဖြစ်အောင် နိုင်ငံတော်၏ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဘက်ပေါင်းစုံမှ ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော်လုပ်ငန်းစဉ်များအားလုံးကို တစ်နေ့တည်း၊ တစ်ရက်တည်းဖြင့် လုပ်ဆောင်၍ မရပါကြောင်း၊ မိုင်ပေါင်းတစ်သောင်းခရီးကိုလည်း ပထမခြေလှမ်းဖြင့် စတင်ရသည့်အတွက် ယခုအစိုးရ စတင်တာဝန်ယူသည့် နေ့မှစ၍ ဆောင်ရွက်သင့်သည်များကို အချိန်တိုအတွင်းဆောင်ရွက်ခဲ့ရာ အထိုက်အလျောက် အောင်မြင်မှုများလည်း ရရှိနေပြီဖြစ်ပါကြောင်း။

Open Government Partnership အဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ရန် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုဖြစ်ရန် လိုအပ်သည့်အပြင် ဘဏ္ဍာရေးဆိုင်ရာပွင့်လင်းမြင်သာမှု ရှိခြင်း၊ သတင်းအချက်အလက်များ ရယူနိုင်မှုရှိခြင်း၊ ပိုင်ဆိုင်မှုကြေညာခြင်းနှင့် နိုင်ငံသူ နိုင်ငံသားများ အားလုံး ပါဝင်ဆောင်ရွက်မှုရှိခြင်း စသည့်အချက်လေးချက် ပြည့်စုံရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် လိုအပ်ချက်များကို ဆောင်ရွက်ရန် ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီကိုလည်း ဖွဲ့စည်းပြီးဖြစ်၍ အားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက Open Government Partnership အဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ရေးအတွက် အရေးကြီးသည့် E-Government စနစ်ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်လုပ်ဆောင်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ Open Government Partnership အဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အဖွဲ့ဝင်ဖြစ်ရေးအတွက် လိုအပ်ချက်များ၊ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက Open Government Partnership အဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ရေးအတွက် လိုအပ်ချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို အကြံပြုဆွေးနွေးတင်ပြခဲ့ကြသည်။

(သတင်းစဉ်)

ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းဆိုင်ရာ နီးနှောဖလှယ်သည့်အခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၃

တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စီးဝင်လာစေရန် ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ နီးနှောဖလှယ်သည့် အခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အဖွင့်အမှာစကားပြောကြားရာ၌ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ နိုင်ငံတော်၏ စီးပွားရေးပုံစံနှင့် လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရမည့် ကိစ္စရပ်များရှိနေပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အမျိုးသားဘက်စုံတိုးတက်ရေး စီမံကိန်းကို ရေးဆွဲဖော်ဆောင်နေသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မိမိတို့ဒေသအလိုက် ဖွံ့ဖြိုးမှုစီမံကိန်းများကို ရေးဆွဲလျက်ရှိရာ ယင်းစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာနှင့် ပတ်သက်၍ မြေရရှိနိုင်မှု လုပ်ငန်းအမျိုးအစား၊ ခွင့်ပြုနိုင်မည့် တိကျသောနေရာ၊ ခွင့်ပြုလိုသည့် လုပ်ငန်းကဏ္ဍ၊ စီမံခန့်ခွဲမှုအစီအစဉ်နှင့် ကျွမ်းကျင်မှုလိုအပ်ချက် စသည်တို့နှင့်ပတ်သက်၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ မိမိတို့ဒေသအလိုက် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် ဆောင်ရွက်လိုသည်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရမည့် လုပ်ငန်းတို့ကို ဥပဒေများ၊ မြို့ပြစီမံကိန်းများနှင့်အညီ ဖော်ဆောင်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးသွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ဂင်းနောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် လက်ရှိတိုးတက်လာသော ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုတိုးတက်လာရေးအတွက် ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများ၊ ရင်းနှီးမြှုပ်နှံမှုများကို စိစစ်ခွင့်ပြုရာတွင် ဆောင်ရွက်သည့် ဒေသအဆင့်နှင့် ဌာနအဆင့် ပေါင်းစပ်ညှိနှိုင်းမှုများ၊ အရည်အသွေးရှိသော ထုတ်လုပ်မှု၊ ဝန်ဆောင်မှုဆိုင်ရာရင်းနှီးမြှုပ်နှံမှု၊ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် တာဝန်သိသော ရင်းနှီးမြှုပ်နှံသူများ စီးဝင်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်း၊ ခွင့်ပြုပြီး လုပ်ငန်းများအား ကြီးကြပ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းများ ချောမွေ့မြန်ဆန်စေရေးအတွက် ပံ့ပိုးဆောင်ရွက်ခြင်း စသည်တို့ကို ရှင်းလင်းတင်ပြပြီး အနာဂတ်တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့် မြန်ဆန်လာရေးအတွက် ကော်မရှင်နှင့် တိုင်းဒေသကြီးများနှင့် ပြည်နယ်အစိုးရများအကြား လုပ်ငန်းကဏ္ဍဆိုင်ရာ၊ စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းဆိုင်ရာ၊ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကော်မရှင်၏ ရုံးအဖွဲ့ဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှူးဦးစီးဌာနရုံးခွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုးချဲ့ဖွင့်လှစ်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူးက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများကို လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှူးဦးစီးဌာန မူဝါဒနှင့် ဥပဒေဌာနခွဲ ညွှန်ကြားရေးမှူးက အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်နှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များပါ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ အခန်းကဏ္ဍများကိုလည်း ကောင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဌာနခွဲ ဒုတိယညွှန်ကြားရေးမှူးက ကာလရှည် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်းကိုလည်း ကောင်း အသီးသီး ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ သမ္မတရုံး ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **(ကြေးမုံ)**

ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပမည့် ၂၀၁၅ ခုနှစ် တတိယအကြိမ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ခေါင်းစဉ်(၄)ခုဖြင့် ကျင်းပမည်ဖြစ်ရာ (၁)၁၂ ရာသီပွဲတော်များ၊ (၂)ရိုးရာလက်မှုအနုပညာလုပ်ငန်းများ၊ (၃)ပြောင်းလဲတိုးတက်လာသော မြို့တော်ရန်ကုန်မြင်ကွင်း၊ (၄)တိမ်မြုပ်နေသော ရှေးဟောင်းအဆောက်အအုံများဟူ၍ ဖြစ်သည်။

ယခုပြိုင်ပွဲဝင်လိုသော ဓာတ်ပုံပညာရှင်များအနေဖြင့် မတ် ၆ ရက်နောက်ဆုံးထားပြီး မြို့တော်ခန်းမမြေညီထပ်ရှိ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာနသို့ ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။ ပေးပို့လာသော ဓာတ်ပုံများကို မတ် ၈ ရက်နှင့် ၉ ရက်တွင် နံနက် ၁၀ နာရီမှ စတင်ရွေးချယ်မည်ဖြစ်ပြီး ဓာတ်ပုံဆုပေးပွဲနှင့်ပြပွဲကို မတ် ၁၇ ရက်မှ ၁၉ ရက်ထိ မြို့တော်ခန်းမ ပထမထပ်၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကဏ္ဍတစ်ခု၌ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဓာတ်ပုံလေးပုံအထိယှဉ်ပြိုင်နိုင်ပြီး (၁၂×၁၈)လက်မအရွယ်ရှိ ORIGINAL IMAGE FILE (RAW FILE (or) JPEG FILE,CD) ဖြင့် ပူးတွဲတင်သွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲပုံစံများနှင့် စည်းကမ်းချက်များအား ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနနှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းတို့တွင် ထုတ်ယူနိုင်ပြီး ဆုကြေးအဖြစ် မြို့တော်ဝန်အထူးဆု Grand Prize ဆုကြေးကျပ် ၁၅ သိန်း၊ ကဏ္ဍတစ်ခုစီအတွက် ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်း၊ နှစ်သိမ့်ဆု ငွေကျပ် တစ်သိန်းနှင့် နှစ်သိမ့်ဆု ငါးဆုစီချီးမြှင့်သွားမည်ဖြစ်သည်။ ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၈၆၃၆၅၅ နှင့် ၀၉-၄၉၂၂၇၈၈၆ တို့တွင် စုံစမ်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

ပြည်တွင်းရေးရာ

ပြည်သူ့ခေတ်ဂျာနယ် အသွင်သစ်ဖြင့် ပြန်လည်မိတ်ဆက်ခြင်းအခမ်းအနားနှင့်အတူ ပြည်သူ့ခေတ်စကားဝိုင်းကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

"ပြုပြင်ပြောင်းလဲရေး ပြည်သူ့နဲ့ နီးသလား၊ ဝေးသလား" ပြည်သူ့ခေတ်စကားဝိုင်းကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ စစမျိုးဆက်ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးကိုကိုကြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမြင့်နှင့် စီးပွားရေးပညာရှင် ဦးကျော်ဝင်းတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဦးကိုကိုကြီး

ဦးဝင်းမြင့်

ဦးကျော်ဝင်း

၂၀၁၀ ခုနှစ်မှ စတင်၍ စာရေးဆရာ၊ သတင်းစာဆရာ မောင်ဝံသအုတ်မြစ်ချ တည်ထောင်ခဲ့သည့် ပြည်သူ့ခေတ်ဂျာနယ်ကို အသွင်သစ်ဖြင့် ပြန်လည်မိတ်ဆက်ခြင်း အခမ်းအနားတွင် အဆိုပါ ပြည်သူ့ခေတ်စကားဝိုင်းကို အထူးအစီအစဉ်တစ်ရပ်အဖြစ်ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားနှင့် ပြည်သူ့ခေတ်စကားဝိုင်းသို့ နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ စာပေနှင့် မီဒီယာနယ်ပယ်တို့မှ အဖိတ်ကြားခံ ပုဂ္ဂိုလ်စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

နိုင်ငံရေးကဗျာ၊ နိုင်ငံရေးကာတွန်း၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာ သုံးသပ်ချက်ဆောင်းပါးများဖြင့် ထပ်မံဖြည့်စွက်၍ ပြည်သူ့ခေတ်ဂျာနယ် အသွင်သစ်ဖြင့် ပြန်လည်မိတ်ဆက်ခြင်း အခမ်းအနားတွင် ပြည်သူ့ခေတ်ဂျာနယ် အတိုင်ပင်ခံအယ်ဒီတာ ဦးဝင်းထွဋ်ဇော်က အမှာစကားပြောကြားခြင်း၊ ရန်ကုန်တိုင်းမီဒီယာမှ ဥက္ကဋ္ဌ ဦးကိုကိုက မုဒိတာစကားပြောကြားခြင်း တာဝန်ခံအယ်ဒီတာ ဦးဥာဏ်လှိုင်လင်းက ပြည်သူ့ခေတ်ဂျာနယ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊ အယ်ဒီတာချုပ် ဒေါ်လွတ်လပ်စိုးက ကျေးဇူးတင်စကားပြောကြားခြင်းများကို အစီအစဉ်အတိုင်းကျင်းပသည်။

ထို့နောက် "ပြုပြင်ပြောင်းလဲရေး ပြည်သူ့နဲ့ နီးသလား၊ ဝေးသလား" ပြည်သူ့ခေတ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ တာဝန်ခံအယ်ဒီတာက ဦးဥာဏ်လှိုင်လင်းက အစီအစဉ်တင်ဆက်သူအဖြစ် ဦးဆောင်ဆွေးနွေးပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ပြုပြင်ပြောင်းလဲရေးကဏ္ဍများတွင် ပြဿနာအားလုံးကို ဖြေရှင်းမည်ဟု မည်သည့်အစိုးရမှ မရှိခဲ့ကြောင်း၊ အမေရိကန်သမ္မတပင် မလုပ်နိုင်သေးကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင်လည်း ဖြစ်နိုင်သမျှကို ဆောင်ရွက်သွားမည်ဟုခံယူပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ပြုပြင်ပြောင်းလဲရေးတွင် မဟာဗျူဟာအပိုင်း၌ အများအပြားအောင်မြင်သကဲ့သို့ အောက်ခြေပိုင်းမှာလည်း အားနည်းချက်များရှိကြောင်း ကဏ္ဍအလိုက်ပြန်လည်ဆွေးနွေးသွားသည်။

ဦးဝင်းမြင့်က အာဏာကြီးသုံးရပ်အဆုံးအဖြတ်အာဏာသည် ပြည်သူ့ထံမှ ဆင်းသက်ရမည်ဟု အစချီ၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ရေး၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ Mind Set များအောက်ခြေတွင် မပြောင်းလဲမှု၊ ယုံကြည်မှုတည်ဆောက်ရေးတွင် အောက်ခြေ၌ အနှောင့်အယှက် အဟန့်အတားဖြစ်နေမှု၊ ပြုပြင်ပြောင်းလဲရေးတွင် နိုင်ငံတော်အစိုးရက ပြင်းပြသည့် စိတ်ဓာတ်ရှိရန်လိုအပ်မှု၊ အစိုးရအပေါ် ဝေဖန်ခွင့်ရှိရန်လိုအပ်မှု၊ ဝေဖန်ခွင့်ရှိမှသာ ပြည်သူ့နှင့် နီးစပ်နိုင်မည့်အခြေအနေရှိမှအပါအဝင် ကဏ္ဍအလိုက် ထောက်ပြဆွေးနွေးသွားသည်။

ဦးကိုကိုကြီးက ၎င်းအကျဉ်းကျစဉ်ကာလက ယုံကြည်မှုတည်ဆောက်မည်ဟု ဆုံးဖြတ်ခဲ့ပြီး အပြင်သို့ ပြန်လည်ရောက်ရှိစဉ်၌လည်း ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် မိမိတို့အပေါ် အောက်ခြေအုပ်ချုပ်ရေးဝန်ထမ်းအဖွဲ့အစည်းများက ယနေ့တိုင် ယုံကြည်မှုမပေးနိုင်ဘဲ မေးမြန်းစစ်ဆေးမှုများ ကြုံတွေ့နေရမှု၊ သမ္မတကြီးပြောသည့် အတိုင်းအောက်ခြေတွင် တကယ်ပြောင်းရန်လိုအပ်နေမှု၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စုလွှတ်တော်များက အုပ်ချုပ်ရေးအဖွဲ့အစည်းများအပေါ် Check and Balance လုပ်နိုင်၊ မလုပ်နိုင်မှုအပေါ် ပြည်သူနှင့် နီးသလား၊ ဝေးသလားကို ဆုံးဖြတ်နိုင်မှု၊ အုပ်ချုပ်ရေးအပိုင်းက ပြုပြင်ပြောင်းလဲမှုတွင် အဓိက ပါဝင်နေမှုအပါအဝင် ကဏ္ဍအလိုက် ထောက်ပြဆွေးနွေးသွားသည်။

ထို့နောက် ဦးကျော်ဝင်းက ပြည်သူနှင့် အစိုးရတို့အကြား နှလုံးသားချင်းတစ်ထပ်တည်းကျရန် လိုအပ်နေမှု၊ ယုံကြည်မှုကိုတည်ဆောက်ရာတွင် ပြည်သူများ၏ နှလုံးသားကို မခံစားနိုင်သရွေ့ ယုံကြည်မရနိုင်ဟုအစချီ၍ သယံဇာတကြွယ်ဝသော်လည်း မူနှင့်လူအားနည်းမှုကြောင့် LDC စာရင်းဝင်နိုင်ငံဖြစ်ခဲ့ရမှု၊ နိုင်ငံအတွက် ခေါင်းဆောင်များ ရှားပါးလာမှု၊ လူငယ်များကို အနာဂတ်အတွက် မလုပ်ပေးနိုင်သော်လည်း လူငယ်များ အနေဖြင့် မိမိအနာဂတ်ကို ပညာရေးနယ်ပယ်တွင် လုပ်နိုင်စွမ်းရှိမှု၊ လက်ရှိအစိုးရအနေဖြင့် အခက်အခဲအများကြီးနှင့် ရင်ဆိုင်နေရမှုကို မိမိတို့နားလည်သကဲ့သို့ ပြည်သူများကလည်း နားလည်ရန် လိုအပ်မှုအပါအဝင် ကဏ္ဍအလိုက် ထောက်ပြဆွေးနွေးသွားသည်။

အခမ်းအနားအပြီးတွင် ယနေ့ စကားဝိုင်းနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က "ဒီမိုကရေစီအစိုးရတစ်ရပ်ရဲ့တာဝန်က ပြည်သူ့ဆီ ရောက်အောင်သွားဖို့ပါ။ ဒါကြောင့် ၂၀၁၁ ကနေစပြီး ရောက်အောင်သွားနေတယ်။ ရောက်ပြီလားဆိုတော့ အပြည့်အဝ မရောက်သေးဘူး၊ သို့သော် အရင်ကထက်စာရင် ပိုနီးလာပြီလို့ ခံစားရပြီ။ Reform ကို ချုပ်ပြောလိုက်ရင် ဒါပါပဲ။ ပြည်သူက အစိုးရအပေါ်မှာ အယုံအကြည်ရှိ၊ မရှိဆိုတာ တစ်ဦးတစ်ယောက်ချင်းစီရဲ့ အယူအဆပေါ်မှာပဲ မူတည်ပါတယ်။ နိုင်ငံတကာ လေ့လာဆန်းစစ်ချက်တွေ အရဆိုရင် ပြည်သူတွေက သူတို့ အနာဂတ်ကို သူတို့ ယုံကြည်မှုရှိလာတယ်။ ဒါကိုတော့ မြင်ရပါတယ်။ နောက်တစ်ခုက ပြည်သူတစ်ဦးချင်းက သူတို့ရဲ့ ရပိုင်ခွင့်တွေ ပိုသိလာတယ်။ ပြောရေးဆိုခွင့်တွေ ပိုရှိလာတယ်။ ဒါကလည်း အောင်မြင်မှုတစ်ခုလို့ ဆိုနိုင်ပါတယ်။ ဘယ်လောက် အောင်မြင်တယ်၊ မအောင်မြင်ဘူးလို့ တိုင်းတာတဲ့ စံနှုန်းကတော့ ကွာလိမ့်မယ်။ သို့သော် အနာဂတ်ကို ယုံကြည်မှုနဲ့ မိမိအခွင့်အရေးကို သိရှိလာမှု၊ နိုင်ငံရေးနဲ့ အခြားကိစ္စတွေနဲ့ ပတ်သက်လို့ ပိုပြီးတော့ ပြောရေးဆိုခွင့်ရှိနိုင်မှုတွေက တိုးတက်လာတာပေါ့။ ဒါကြောင့် ဒီကနေ့ ဆွေးနွေးပွဲတွေက သာဓကပဲဖြစ်ပါတယ်။" ဟုပြောကြားသည်။

ဦးကိုကိုကြီးကလည်း "အခု ဆွေးနွေးပွဲက ကောင်းပါတယ်။ ပုံသဏ္ဌာန်အားဖြင့်ပြောရင် အစိုးရဘက်က ပါတယ်။ နိုင်ငံရေးပါတီဘက်က ပါတယ်။ အရပ်ဘက်အဖွဲ့အစည်းတွေကလည်း ပါတယ်။ ဒီလို ရှုထောင့်ပေါင်းစုံကနေ ပြောဖြစ်ဆိုဖြစ်တယ် ဆိုတာဟာ ကောင်းတဲ့လက္ခဏာပါ။ ကျွန်တော်ကတော့ အနိုင်အရှုံးအနေနဲ့ မပြောချင်ပါဘူး။ နိုင်ငံပြုပြင်ပြောင်းလဲရေးကို လုပ်တဲ့အခါမှာ ရှုထောင့်ပေါင်းစုံကနေ ပိုင်းတွန်းကြဖို့ လိုတာကြောင့် မတူတာတွေပြောရင်းနဲ့ တူတဲ့အချက်တွေလည်း တွေ့မယ်။ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ အချက်အလက်တွေလည်း ရှာမယ်။ ဒီလို ပုံစံမျိုးသွားရမှာကြောင့် ဒါကို ကျွန်တော်က အနိုင်အရှုံးပုံစံမျိုးနဲ့ မမြင်ချင်ပါဘူး။ ယခု စကားဝိုင်းကိုလည်း အားရကျေနပ်မှုရှိပါတယ်။ ဆွေးနွေးတဲ့အဆင့်ကနေ ရလဒ်ထွက်တဲ့အဆင့်အထိ သွားနိုင်ရင် ပိုကောင်းပါတယ်။ ပြည်သူတွေအနေနဲ့ ကလည်း ပြုပြင်ပြောင်းလဲရေးကို ပြည်သူတွေကိုယ်တိုင် ပါလာဖို့က အရင်ရှိနေတဲ့ အတွေးအမြင်က အစိုးရက သပ်သပ်၊ ပြည်သူက သပ်သပ်ဖြစ်နေပါတယ်။ တကယ် သက်တမ်းကုန်ရင် ပြည်သူပြန်ဖြစ်သွားမယ်။ ပြည်သူက ရွေးကောက်ခံရရင် အစိုးရဖြစ်လာမယ်ဆိုတော့ ပြည်သူနဲ့အစိုးရက တစ်လှည့်စီ လည်ပတ်နေတဲ့ ခန္ဓာကိုယ်တစ်ခုထဲရဲ့ အစိတ်အပိုင်းတွေအဖြစ် မြင်လို့ရှိရင် ပြည်သူတွေရဲ့ နိုင်ငံရေးပူးပေါင်းပါဝင်မှုက ပိုပြီးအားကောင်းလာမှာဖြစ်တယ်"ဟု သုံးသပ်သည်။

အလားတူ ဦးကျော်ဝင်းက "ဆွေးနွေးပွဲကို ကျေနပ်အားရပါတယ်။ ကျွန်တော်က တကယ်တော့ ဘယ်ပါတီဝင်မှမဟုတ်ပါဘူး။ ဘာဖြစ်လို့ ပါတီဝင် မလုပ်တာလဲဆိုတော့ ပြည်သူတစ်ယောက်ရဲ့ အသံနဲ့၊ ပါတီဝင်တစ်ယောက်ရဲ့ အသံကမတူဘူး၊ ပြည်သူတစ်ယောက်ရဲ့ အသံက တန်ဖိုးရှိတယ်။ ပြည်သူတစ်ယောက်ရဲ့ ကိုယ်စား ပြောတာကြောင့် ပြည်သူတွေ ဘာတွေ ခံစားနေရတယ်၊ ဘာတွေ လိုချင်နေတယ်၊ ဘာတွေ တောင့်တနေလည်း ဆိုတာကို ဆွေးနွေးပွဲမှာ ပြောခွင့်ရတာကြောင့် ပြည်သူတွေရဲ့ကိုယ်စား ကျေနပ်ပါတယ်" ဟု ပြောသည်။

ယနေ့ ကျင်းပသည့် ပြည်သူ့ခေတ်စကားဝိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်ကိုယ်တိုင် ကြုံတောင့်ကြုံခဲဝင်ရောက်ဆွေးနွေးသွားသကဲ့သို့ ဆွေးနွေးဘက် ပုဂ္ဂိုလ်များမှာလည်း နယ်ပယ်အသီးသီးတွင် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များဖြစ်ကြသည့်အပြင် "ပြုပြင်ပြောင်းလဲရေး ပြည်သူ့နဲ့ နီးသလား၊ ဝေးသလား" ဟူသည့် ခေါင်းစဉ်မှာလည်း ခေတ်ကာလနှင့်ပါ ကိုက်ညီမှုရှိ၍ ပါဝင်ဆွေးနွေးကြသူများက မတူကွဲပြားသော ရှုထောင့်အမြင်နှင့် ရပ်တည်ချက်များကို အကြိတ်အနယ်ဆွေးနွေးခဲ့ကြ၍ ပရိသတ်များအထူးနှစ်ထောင်းအားရ စိတ်ဝင်စားခဲ့ကြသည်။ **(သတင်းစဉ်)**

ကျိုက်ထီးရိုးတောင်တက်ရေတံခွန်သို့ ကားများစတင်ပြေးဆွဲ

ကျိုက်ထို ဇန်နဝါရီ ၁၃



မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ဆံတော်ရှင် ဆုတောင်းပြည့် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးတွင် တောင်တက်အသင်း၏ တတိယမြောက်ခရီးစဉ် လမ်းကြောင်းသစ်ကို ဒီဇင်ဘာလမှစတင်ကာ ပြေးဆွဲပေးပြီဖြစ်ကြောင်း သိရသည်။

တောင်တက်မော်တော်ယာဉ်ကားများ၏ မူလခရီးစဉ်နှစ်ရပ်မှာ တောင်ခြေကားဂိတ်မှ ရသေ့တောင်အထိနှင့် တောင်ခြေကားဂိတ်မှ တောင်ပေါ်ကားဂိတ်အထိ ပို့ဆောင်ပေးနေသော အစီအစဉ်များဖြစ်သည်။ ယခု တတိယမြောက်ခရီးစဉ်မှာ တောင်တော်ပေါ် ခြေသ့ေ်နှစ်ကောင်ကားဂိတ်မှ မိုးဘောချောင်းရေတံခွန်သို့ ပို့ဆောင်ပေးမည့် ခရီးစဉ်ဖြစ်သည်။

ဆံတော်ရှင် ဆုတောင်းပြည့်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာပရိသတ်တို့အတွက် ပျော်ရွှင်ချမ်းမြေ့ဖွယ်ခရီးစဉ်တစ်ခုရရှိခံစားနိုင်စေရေးကို ရည်ရွယ်လျက် မိုးဘောချောင်းရေတံခွန်သို့ ပို့ဆောင်ပြေးဆွဲပေးခြင်းဖြစ်သည်။

ရင်ပြင်တော်မှ စကြ်န်တောင်၊ မြစိမ်းတောင်၊ ရသေ့တောင်ရေတံခွန်သို့ ပို့ဆောင်ပေးသည်။ ခရီးစဉ်သစ်တွင် လူတစ်ဦးလျှင် ကျပ် ၂၀၀၀ ဖြစ်သည်။ အဆိုပါခရီးစဉ်တွင် လမ်းဘုရားများ၌ ဘုရားဖူးခွင့်အချိန်များလည်း ရရှိကြောင်းနှင့် ယင်းခရီးစဉ်ကို ဘုရားဖူးများအား မိတ်ဆက်ပြေးဆွဲ ပို့ဆောင်ပေးခြင်းကို ဆောင်ရွက်ခဲ့ပြီး ပထမရိုးရိုးလေးကုမ္ပဏီနှင့် ရင်ပြင်တော်ဈေးသူ ဈေးသားများကြီးကြပ်မှုအဖွဲ့တို့ ပူးပေါင်းလျက် အချိုရည်ဘူး၊ ရေသန့်ဘူး၊ စနိုးတာဝါ၊ မုန့်ပဲသရေစာများပေးဝေခြင်း၊ ရေခဲမုန့်နှင့် ရွှေရင်အေးများ တိုက်ကျွေးခြင်းကို သိန်း ၆၀ ခန့် နိဗ္ဗာန်ဈေးလျှုဒါန်းမှုများလည်း ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ခင်မောင်မြင့်(ဇမ္ဗူသီရိ)

■

ငွေကြေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးစာချုပ် လက်မှတ်ရေးထိုး

ရန်ကုန် ဇန်နဝါရီ ၁၃

နိုင်ငံတော်အတွင်း တိုးတက်ဖြစ်ပေါ်လျက်ရှိသော စီးပွားရေးလုပ်ငန်းကဏ္ဍအရပ်ရပ်အတွက် လိုအပ်သောချေးငွေများ ပိုမိုချေးပေးနိုင်ရန် ကမ္ဘောဇဘဏ်နှင့် Cathay United Bank(CUB) တို့မှ ငွေကြေးဆိုင်ရာ ပူပေါင်းဆောင်ရွက်ရေးစာချုပ်တစ်ရပ်ကို ယနေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ Sedona Hotel အင်းယားခန်းမ၌ စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးခဲ့ကြသည်။

အထက်ပါ စာချုပ်ချုပ်ဆိုပွဲအခမ်းအနားသို့ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် CUB မှ ဥက္ကဋ္ဌ Mr.Tsu-Pei Chen၊ ကမ္ဘောဇဘဏ်နှင့် CUB Bank မှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး ငွေကြေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးစာချုပ်အား ကမ္ဘောဇဘဏ်လီမိတက်မှ အမှုဆောင်ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်းနှင့် CUB Bank မှ General Manager Mr. Aaron Hung တို့ လက်မှတ်ရေးထိုးကြသည်။ အဆိုပါစာချုပ်အရ ကမ္ဘောဇဘဏ်နှင့် CUB Bank တို့ ပူပေါင်း၍ ကနဦးအနေဖြင့် အမေရိကန်ဒေါ်လာသန်း ၈၀ အား ပြည်တွင်းရှိ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းအရပ်ရပ်အတွက် ထုတ်ချေးပေးသွားမည်ဖြစ်သည်။

ကမ္ဘောဇဘဏ်အနေဖြင့် နိုင်ငံတကာမှ ဘဏ်များ၊ ငွေကြေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်း၍ ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် ချေးငွေများပိုမိုထုတ်ချေးသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းရေးရာ

တွေ့ဆုံဆွေးနွေးခြင်းသည်သာ ကောင်းမွန်သည့်ရလဒ်ကောင်းများပေါ်ထွက်နိုင်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွဲ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အစိုးရ၏သက်တမ်းသည် လေးနှစ်သက်တမ်းထဲသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် ဆက်လက်ဆောင်ရွက်ရန်သက်တမ်းအားဖြင့် တစ်နှစ်ကျော်သာ ကျန်ရှိတော့သည့် ကာလအတွင်း မဖြစ်မနေအဓိကဆောင်ရွက်ရမည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဖြစ်ထွန်းစေရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေခံသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရေးနှင့် လွတ်လပ်၍ တရားမျှတသော ၂၀၁၅ခုနှစ်အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ပြီး ညင်သာသောအသွင်ကူးပြောင်းမှု နိုင်ငံရေးလုပ်ငန်းစဉ်များ ပေါ်ပေါက်ရေးနှင့် ကြားကာလ နိုင်ငံရေးတည်ငြိမ်မှုများ ရရှိရေးတို့အပါအဝင် နိုင်ငံရေးကိစ္စရပ်များနှင့်စပ်လျဉ်းသည့်ဆွေးနွေးပွဲများကို ကျင်းပခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်က ဒုတိယအကြိမ်မြောက်ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

ပထမအကြိမ် ဆွေးနွေးပွဲကို နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ကျင်းပနိုင်ခဲ့ပြီး ယင်းဆွေးနွေးပွဲ၏ ရလဒ်ကောင်းများကြောင့် ဒုတိယအကြိမ်ဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

တွေ့ဆုံဆွေးနွေးခြင်းသည်သာလျှင် ကောင်းမွန်သည့်အဖြေ၊ ရလဒ်ကောင်းများထွက်ပေါ်လာနိုင်သည့် ယုံကြည်ချက်ဖြင့် ယခုဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားရေးရာဝန်ကြီးများ၏ ပြောကြားချက်များကို စုစည်းတင်ပြလိုက်ပါသည်-

ဦးစောဟာဘီး
(တနင်္သာရီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး)

ဦးစောဟာဘီး (တနင်္သာရီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး)

ဦးသက်ဝင်း (မွန်ပြည်နယ် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး)

ဒေါက်တာ မနာမ်တူးဂျာ (ကချင်ပြည်နယ် ဒီမိုကရေစီပါတီဥက္ကဋ္ဌ)

ဦးဇိုဇမ်း (ဥက္ကဋ္ဌ၊ ချင်းအမျိုးသား ဒီမိုကရက်တစ်ပါတီ)

ဦးဖိုးရယ် (ဥက္ကဋ္ဌ၊ လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီ)

ဦးအားဆီ (ကချင်ပြည်နယ်အစိုးရအဖွဲ့ လီဆူးတိုင်းရင်းသားရေးရာဝန်ကြီး)

ဒီလိုတွေ့ဆုံဆွေးနွေးပွဲမျိုးကို မကြာခဏလုပ်ပေးသင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဖွဲ့အစည်းတွေမှာ အမြင်တွေအမျိုးမျိုးကွဲပြားကြပါတယ်။ ဒါကြောင့် ဒီလိုတွေ့ဆုံဆွေးနွေးမှုတွေ များများလုပ်ပေးမှ အမျိုးမျိုးကွဲပြားနေတဲ့အမြင်တွေကို တင်ပြဆွေးနွေးခွင့်ရရှိကြပြီး အားလုံးကလက်ခံသဘောတူတဲ့ အမြင်ကိုရရှိမှာ ဖြစ်ပါတယ်။ ခုလိုဆွေးနွေးခွင့်ရလို့လည်း တိုင်းရင်းသားတွေကိုယ်စား အတိုင်းမသိဝမ်းသာသလို ကြိုလည်းကြိုဆိုပါတယ်။

ဦးသက်ဝင်း
(မွန်ပြည်နယ် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး)

ဒီဆွေးနွေးပွဲဟာ အောက်တိုဘာ ၃၁ ရက်က လုပ်ခဲ့တဲ့ ဆွေးနွေးပွဲရဲ့ အဆက်ဖြစ်ပါတယ်။ ဒီနေ့မှာ နိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေ၊ တိုင်းရင်းသားရေးရာကိုယ်စားလှယ်တွေ၊ တိုင်းရင်းသားရေးရာဝန်ကြီးတွေ စုံစုံလင်လင် ပါဝင်တဲ့အတွက်ကြောင့် အမြင်အမျိုးမျိုးနဲ့ ဆန္ဒအမျိုးမျိုးကို ဖော်ထုတ်တဲ့သဘောပါပဲ။ ခုဆိုရင် နိုင်ငံတော်အစိုးရ သက်တမ်းဟာ လေးနှစ်ရှိပါပြီ။ နောက်ထပ်ကျန်ရှိနေတဲ့ကာလမှာ နိုင်ငံရေးတည်တည်ငြိမ်ငြိမ်နဲ့ ရွေးကောက်ပွဲတွေကို အောင်အောင်မြင်မြင်နဲ့ ကျင်းပပြီးတဲ့အခါကျမှ အသွင်ကူးပြောင်းမှုတာဝန်တွေကို လွှဲပြောင်းပေးနိုင်ဖို့ ဒီလိုဆွေးနွေးတာဖြစ်တဲ့အတွက် အများကြီးကောင်းပါတယ်။

ဒေါက်တာ မနာမ်တူးဂျာ
(ကချင်ပြည်နယ် ဒီမိုကရေစီပါတီဥက္ကဋ္ဌ)

ကျွန်တော်တို့အနေနဲ့ အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုတွေကို ဆွေးနွေးခဲ့ပါတယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးနဲ့ ဒီမိုကရေစီထွန်းကားရေးတွေဟာ ၂၀၁၀ ရွေးကောက်ပွဲပြီးကတည်းက စတင်နေပါပြီ။ စတင်ပြီး ဆက်လက်လှုပ်ရှားနေပါတယ်။ နိုင်ငံတကာကလည်း အထိုက်အလျောက်အသိအမှတ်ပြုခြင်းကို ခံနေရပါပြီ။ ဒါကို ဆက်လက်မြန်ဆန်လာအောင် လုပ်ဆောင်သွားဖို့ လိုအပ်ပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်နေရတာလည်း ရှိနိုင်ပါတယ်။ ဒါကြောင့် မြန်သင့်သလောက် မမြန်နိုင်တဲ့အပိုင်းတွေလည်း ရှိပါတယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ရင်လည်း ကျွန်တော်တို့နိုင်ငံမှာ ပြည်သူတွေလိုလားနေတာ ငြိမ်းချမ်းရေးဖြစ်တယ်။ နောက်ပြီး နိုင်ငံတော်အနေနဲ့ လိုအပ်တာလည်း ငြိမ်းချမ်းရေးဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ ဖော်ဆောင်နိုင်ဖို့က လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ သမ္မတကြီးရဲ့ နှစ်သစ်ကူးသဝဏ်လွှာမှာ ပါသလို ဖက်ဒရယ်မူကို အခြေခံတဲ့ နိုင်ငံရေးဆွေးနွေးပွဲတစ်ရပ်လိုအပ်ပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးမှုအားဖြင့်သာ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ပါတယ်။ အပြည့်အဝလည်း ထောက်ခံပါတယ်။ နိုင်ငံရေးပြဿနာရဲ့အဖြေကို စစ်မြေပြင်မှာ ရှာဖွေလို့ မရပါဘူး၊ စားပွဲပေါ်မှာပဲ ရှာလို့ရပါတယ်။

နိုင်ငံရေးဆွေးနွေးပွဲကိုမသွားခင် အပစ်အခတ်ရပ်စဲရေးကို လုပ်ဆောင်တာ အကောင်းဆုံးပါ။ ဆွေးနွေးရင်း တိုက်၊ တိုက်ရင်းဆွေးနွေးတဲ့Fight, Fight, Talk, Talk ကိုတော့ အားမပေးပါဘူး။ အချိန်ကို ကြန့်ကြာစေသလို အခန့်မသင့်ရင် ဆွေးနွေးပွဲတောင်ပျက်ပြားသွားစေနိုင်ပါတယ်။ ဒါကြောင့်မို့ အပစ်အခတ်ရပ်စဲရေးကို အရင်ရအောင်ယူပြီးရင် နိုင်ငံရေးဆွေးနွေးပွဲကို သွားတာ အကောင်းဆုံးပါပဲ။ သမ္မတကြီးရဲ့ Guideline ကလည်း ဒီလိုပါပဲ။ ဖေဖော်ဝါရီ ၁၂ ရက်မှာ အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ရေးထိုးနိုင်ဖို့ အားလုံးဆန္ဒရှိကြတယ်။ အချိန်ကလည်း ပိုမြန်လေပိုကောင်းလေပါ။ ဒါပေမယ့် all inclusive ဖြစ်ဖို့တော့ လိုအပ်ပါတယ်။ အားလုံးပါဝင်သွားနိုင်အောင် နည်းလမ်းရှာကြရမှာပါ။ လက်မှတ်ရေးထိုးနိုင်ဖို့ တိုက်ပွဲတွေကို လုံးဝရပ်ဆိုင်းထားတာ အကောင်းဆုံးပါ။

ရွေးကောက်ပွဲအတွက်ဆိုရင်လည်း အားလုံးဟာ လွတ်လပ်ပြီး တရားမျှတဖို့ တင်ပြတောင်းဆိုကြပါတယ်။ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကလည်း ၂၀၁၅ ရွေးကောက်ပွဲကို အတတ်နိုင်ဆုံးကြိုးစားပြီး ဦးဆောင်ကျင်းပပေးသွားမယ်ဆိုပြီး ပြောပါတယ်။ အစိုးရဘက်ကလည်း လိုအပ်တာတွေ လုပ်ဆောင်ပေးသွားမယ်လို့ သမ္မတကြီးကလည်း ပြောပါတယ်။ ကချင်ပြည်နယ်က IDP တွေကို ဆက်လက်ကူညီပေးဖို့ ပြည်သူထဲက ပြည်သူတွေမို့ အစိုးရအနေနဲ့ တိုင်းပြည်ရဲ့ သားသမီးတွေကို မျှမျှတတဖြစ်အောင် ကူညီပေးဖို့ကိုလည်း တင်ပြခဲ့ပါတယ်။

ဦးဇိုဇမ်း
(ဥက္ကဋ္ဌ၊ ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ)

သမ္မတကြီးက ဆွေးနွေးပွဲဖိတ်တုန်းက အချက်သုံးချက်ပေါ်မူတည်ဆွေးနွေးဖို့ဖိတ်ကြားစာ ပေးပို့ခဲ့ပါတယ်။ အဲဒီအပေါ်မှာ ကျေကျေနပ်နပ်နဲ့ ဆွေးနွေးနိုင်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အဓိကထား ဆွေးနွေးခဲ့ပါတယ်။ နောက် အခြေခံဥပဒေပြင်ဆင်ရေးနဲ့ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတဖို့ဆိုတဲ့ အချက်သုံးချက်အပေါ် ဆွေးနွေးခဲ့ပါတယ်။ ငြိမ်းချမ်းရေးဟာ ပြည်သူအတွက် ဘယ်လောက်လိုအပ်တယ်ဆိုတာလည်း ဆွေးနွေးခဲ့ပါတယ်။ ငြိမ်းချမ်းရေးမှာ ceasefire လုပ်ထားတဲ့အဖွဲ့ ဆယ်ဖွဲ့ကျော်ရှိပါတယ်။ ceasefire မလုပ်နိုင်တာ နှစ်ဖွဲ့၊ သုံးဖွဲ့ ကျန်တယ်လို့လည်း သိရပါတယ်။ ceasefire လုပ်ထားတဲ့ အဖွဲ့တွေ အခုလို လုပ်ထားတာ သုံးလေးနှစ်ထဲ ရောက်နေပါပြီ။ ceasefire လုပ်ထားတာကို တန်ဖိုးထားပေးရမယ်။ ဆွေးနွေးပွဲတွေ ပြုလုပ်ပေးရပါမယ်။ အဲဒါကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် Nation Wide ceasefire Agreement အမြန်ဆုံးထိုးနိုင်ဖို့ လိုအပ်တယ်။ မထိုးနိုင်သေးရင်တောင်မှ တချို့အဖွဲ့တွေက Demand ရှိတယ်။ သူတို့က ဘာပြောလဲဆိုရင် နိုင်ငံရေးတွေ့ဆုံပွဲအရင်လုပ်မယ်။ ပြီးရင် လက်မှတ်ထိုးမယ်။ ဒါမျိုးပြောတာလေးတွေကိုလည်း အခုဆွေးနွေးပွဲမှာ ဖော်ပြခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ်နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်ဖို့လိုအပ်နေပါပြီ။Political Dialogue Framework ကို အမြန်ဆုံးလုပ်မယ်။ ပြီးရင် ငြိမ်းချမ်းရေးစာချုပ်ကို ထိုးဖို့ကြိုးစားမယ်။ ဒီကြားထဲမှာ တောထဲတောင်ထဲမှာရှိနေတဲ့ ကျွန်တော်တို့ညီအစ်ကိုတွေကို ဘယ်လိုဖိတ်ခေါ်ရမယ်ဆိုတာကိုလည်း ဆွေးနွေးခဲ့ပါတယ်။ အိမ်ပြန်ချင်တဲ့ညီအစ်ကိုတွေကို အိမ်ပြန်လမ်းဖြောင့်ဖို့ သူတို့ကို Warmly Welcome လုပ်ဖို့ လိုအပ်ပါတယ်။

အခြေခံဥပဒေပြင်ဆင်ရေးအတွက် ပြင်လို့လွယ်တာရယ်၊ အလယ်အလတ်ခက်ခဲတာရယ်၊ ခက်ခဲတာရယ် ဆိုပြီး သုံးပိုင်းခွဲပြီး ပြင်ဖို့လွယ်တာတွေ စပြင်ဆင်ဖို့ လိုအပ်ပါတယ်။ အခြေခံဥပဒေဆိုတာ လွှတ်တော်ရှိနေသမျှ၊ အစိုးရရှိနေသမျှ ရှိနေမှာပါ။ နောက်လာမယ့် မျိုးဆက်သစ်ကလည်း သူ့ခေတ်သူ့အခါအလျောက် ပြင်ဆင်ဦးမှာပါ။ အခြေခံဥပဒေကို တစ်ချိန်တည်းမှာ ပြင်ဆင်လိုက်ရတာမျိုး မရှိပါဘူး။ အရေးကြီးတာက အလုပ်ဖြစ်မယ့် ပြင်ဆင်လို့လွယ်တာကို အရင်ပြင်မယ်။ ခက်ခဲတာကို နောက်ပိုင်းတဖြည်းဖြည်း ပြင်ဆင်သွားမယ်။ ကျောက်ကောင်းတစ်ပွင့်ကဲ့သို့ ခဏခဏသွေးနေပြီး ပြင်နေသလို ပြင်ဆင်နေရမှာပါ။

ဦးဖိုးရယ်
(ဥက္ကဋ္ဌ၊ လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီ)

၂၀၁၅ ရွေးကောက်ပွဲအတွက် ပွင့်လင်းမြင်သာမှုရှိဖို့ နိုင်ငံတော်သမ္မတကိုရော ရွေးကောက်ပွဲကော်မရှင်ကိုရော တင်ပြထားတာတွေ ရှိပါတယ်။ ကျွန်တော်တို့ ဒီမိုကရေစီဆက်လှမ်းဖို့ ဒီမိုကရေစီလို့ အသံကောင်း ဟစ်နေလို့မရပါဘူး။ လက်တွေ့ကျကျလုပ်ဆောင်ဖို့ တင်ပြထားပါတယ်။ ငြိမ်းချမ်းရေးကိစ္စမှာ ကယားပြည်နယ်အနေနဲ့ အလိုအပ်ဆုံးကိစ္စပါ။ ငြိမ်းချမ်းရေးမရသရွေ့ ကျွန်တော်တို့လိုချင်တဲ့ ဒီမိုကရေစီ၊ နိုင်ငံရေး၊ စီးပွားရေးတို့ အချည်နှီးဖြစ်နေမှာပါ။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး သမ္မတကြီးပြောခဲ့သလို လာမယ့်ပြည်ထောင်စုနေ့မှာ လက်မှတ်ရေးထိုးနိုင်အောင် တိုက်တွန်းထားတာလည်း ရှိပါတယ်။ ငြိမ်းချမ်းရေးအတွက် သမ္မတကြီးက သူ့အနေနဲ့ အဖြစ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမယ်၊ အားလုံးကလည်း ပူးပေါင်းဆောင်ရွက်သွားကြဖို့လည်း ပြောကြားပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ လာမယ့်ရွေးကောက်ပွဲအတွက် ကယားပြည်နယ်ရဲ့ ခက်ခဲတဲ့ဒေသတွေ အထူးသဖြင့် တောင်ပေါ်ဒေသတွေမှာ အိမ်ထောင်စုစာရင်းမရှိဘူး။ မှတ်ပုံတင်မရှိဘူး။ ဒါပေမယ့် မဲစာရင်းမကျန်အောင် လုပ်ပေးဖို့လည်း တင်ပြထားပါတယ်။ နောက်ပြီး ဖွဲ့စည်းထားတဲ့ ကော်မရှင်အဖွဲ့ခွဲတွေမှာ ပါတီနိုင်ငံရေးကင်းရှင်းပြီး သမာသမတ်ရှိတဲ့သူတွေထည့်ပေးဖို့ တင်ပြထားတာလည်း ရှိပါတယ်။

ဦးအားဆီ
(ကချင်ပြည်နယ်အစိုးရအဖွဲ့ လီဆူးတိုင်းရင်းသားရေးရာဝန်ကြီး)

ကျွန်တော်ဆွေးနွေးခဲ့တဲ့အပိုင်းမှာ အချက်(၃)ချက်ကို ဦးတည်ဆွေးနွေးခဲ့ပါတယ်။ ဘယ်လိုဆွေးနွေးသလဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် အချိန်အခါနဲ့တစ်ပြေးညီထားသင့်တဲ့အပိုင်းကိုထားပြီးတော့မှ ပြုပြင်သင့်တဲ့အပိုင်းကို ပြုပြင်ပေးဖို့ တင်ပြဆွေးနွေးခဲ့ပါတယ်။ ဒုတိယအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကိုအခြေခံပြီး အမျိုးသားစည်းလုံးညီညွတ်ရေးအောင်မြင်ရေးအတွက် တိုင်းရင်းသားများရဲ့ ရပိုင်ခွင့်များကို ဦးစားပေးအလေးထားပြီး ဆွေးနွေးပါတယ်။ တတိယအနေနဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ရွေးကောက်ပွဲဆိုတာ တည်ငြိမ်အေးချမ်းမှုရမှ ရွေးကောက်လို့ရပါတယ်။ ဒါကြောင့် တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် ပြည်သူများ၊ အခုတက်ရောက်လာတဲ့ ခေါင်းဆောင်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးတွေလည်း ပါဝင်ကူညီဖို့လိုပါတယ်ဆိုတဲ့ အကြောင်းကိုလည်းဆွေးနွေးပါတယ်။

အခုလိုဆွေးနွေးတဲ့အချိန်မှာ ဒီနေ့တက်ရောက်တဲ့ကိုယ်စားလှယ်အားလုံး အားရကြပါတယ်။ ပွင့်ပွင့်လင်းလင်းနဲ့ ရင်ထဲမှာရှိတာကို ရှုထောင့်အမျိုးမျိုးနဲ့ တင်ပြတဲ့အချိန်မှာ တူညီမှုတွေလည်းရှိပါတယ်။ မတူညီမှုတွေကတော့ နည်းပါတယ်။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံတော်ရဲ့ ငြိမ်းချမ်းမှု၊ တည်ငြိမ်အေးချမ်းမှုကို ဦးတည်ပြီးတော့မှ ဆွေးနွေးကြပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း အများအားဖြင့် ဒီကိစ္စကိုဆွေးနွေးကြပါတယ်။

တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ အခြေခံကောင်းတွေ အများကြီးရှိပါတယ်။ ရေခံ၊ မြေခံတွေ သယံဇာတတွေအများကြီးရှိတဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ ပြောင်းလဲမှုကတော့ ခဏလေးနဲ့ မြန်မြန်ဆန်ဆန် ပြောင်းလဲလာလိမ့်မယ်လို့မြင်ပါတယ်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးတွင် နိုင်ငံသားအားလုံးပါဝင်နိုင်ရေး၊ ၅၁ သန်းသော ပြည်သူတို့၏ဆန္ဒ ဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးရေးတို့ကို အဓိကရည်မှန်းချက်ထားဆောင်ရွက်ခဲ့ရာ ယခုဆွေးနွေးပွဲများသည် အဆိုပါလိုလားချက်များကို ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဖြစ်သလို မြန်မာ့နိုင်ငံရေးအတွက် အစဉ်အလာကောင်းတစ်ရပ်ဖြစ်သည့် စားပွဲဝိုင်းနိုင်ငံရေးယဉ်ကျေးမှုထွန်းကားလာပြီဟု ဆိုရမည်ဖြစ်ပါကြောင်း။

မေး၊ ရေး - ထွန်းဝင်းနိုင်၊ ဟန်နီဝင်း၊ ဓာတ်ပုံ - ထိန်နန်နော်

ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးမြတ်ဟိန်း၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ကေဒီဒီအိုင်ကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတရှိဟီဂူချီလည်း တက်ရောက်သည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ကေဒီဒီအိုင်ကော်ပိုရေးရှင်းတို့ ဆက်သွယ်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရေးအတွက် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး သင်တန်းများဖွင့်လှစ်နိုင်ရေး၊ ဆက်သွယ်ရေးကွန်ရက်၊ စျေးကွက်နှင့် ဘဏ္ဍာရေးလုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများတွင် စီးပွားရေးအကျိုးအမြတ်ရရှိစေရေးနှင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

❖ ဒုတိယသမ္မတမှ

ပြန်ကြားရေး၊ ဘဏ္ဍာရေး၊ ညစာစားပွဲ ခင်းကျင်းကျွေးမွေးရေး၊ သဝဏ်လွှာပြုစုရေး၊ ကျန်းမာရေး၊ စာရင်းစစ်ဆေးရေး၊ အခမ်းအနားပြင်ဆင်ရေး၊ အလံတင်အခမ်းအနားစီစဉ်ရေး၊ ညစာစားပွဲဖျော်ဖြေရေး၊ မြေစိုက်ပိုစတာများ စိုက်ထူရေး၊ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ပို့ဆောင်ရေး၊ နေရာချထားရေးနှင့် ဆက်သွယ်ရေးကော်မတီများမှ ဆပ်ကော်မတီအလိုက် ပေးထားသောတာဝန်များကို လစ်ဟာမှုမရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုနေ့အခမ်းအနားကို ဆပ်ကော်မတီ အသီးသီးမှ လိုအပ်သည့်လုပ်ငန်းဆောင်ရွက်မှုအားလုံးကို ကော်မတီတစ်ခုနှင့်တစ်ခု ညှိနှိုင်းဆောင်ရွက်ပြီး ကျစ်ကျစ်လျစ်လျစ်ဖြင့် ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပနိုင်ရေးကြိုတင်စီမံဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများက မိမိတို့ဆပ်ကော်မတီများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် ဆွေးနွေးတင်ပြချက်များအပေါ် ဒုတိယသမ္မတက ဖြည့်စွက်ပြောကြားရာတွင် ပြည်ထောင်စုနေ့ ကျင်းပရေးကော်မတီများအနေဖြင့် ရန်ပုံငွေများသုံးစွဲရာတွင် ကျစ်ကျစ်လျစ်လျစ်သုံးစွဲကြစေလိုကြောင်း၊ ဆပ်ကော်မတီအသီးသီးမှ ညှိနှိုင်းဆောင်ရွက်ပြီး လိုအပ်ချက်များကို ဗဟိုကော်မတီသို့ တင်ပြစေလိုပါကြောင်း၊ အဓိကအနေဖြင့် လုံခြုံရေးနှင့်ပတ်သက်၍ လုံခြုံရေးမကျိုးပေါက်စေရန် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ်၏ဇနီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၃

ထိုင်းဘုရင့် ရေတပ်ဦးစီးချုပ်၏ဇနီး Mrs.Nuchattra Chansuvanich နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သဇင်နွယ်၊ ဒုတိယ ဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ အား အသင်းရုံး၌ လာရောက်တွေ့ဆုံသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သဇင်နွယ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်တင်တင်ဝင်းက အသင်း၏ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ၊ မိခင်နှင့်ကလေးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး **(အောက်ပို့)** Mrs.Nuchattra Chansuvanich က ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

❍ အာရှယူ-၂၃ မှ

ရဲဝင်းအောင်၊ စည်သူအောင်၊ နေလင်းထွန်း၊ အောင်ကျော်နိုင်နှင့် သိန်းဇော်တို့မှာ အပတ်စဉ်လေ့ကျင့်မှုတွင် မပါဝင်ဘဲ မတ် ၃ ရက်မှသာ လေ့ကျင့်ရမည်ဖြစ်သည်။ ရွေးချယ်ထားသော ပဏာမကစားသမားအချို့မှာ ဒဏ်ရာပြဿနာများနှင့်ရင်ဆိုင်နေရပြီး ဇန်နဝါရီ ၁၃ ရက် ညနေပိုင်းက ပြုလုပ်သည့် အသင်း၏ ပထမဆုံးလေ့ကျင့်မှုတွင်လည်း ကစားသမားစုံလင်ခြင်းမရှိခဲ့ပေ။

မြန်မာယူ-၂၃ အသင်းသည် အာရှယူ-၂၃ ခြေစစ်ပွဲတွင် အုပ်စု (F) ၌ တရုတ်(တိုင်ပေ)၊ ဩစတြေးလျ၊ ဟောင်ကောင်တို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ မြန်မာယူ-၂၃ အသင်းမှာ ခြေစစ်ပွဲမတိုင်မီ ဂျပန်၊ တရုတ်၊ ဗီယက်နမ်အသင်းတို့နှင့် ခြေစမ်းပွဲများယှဉ်ပြိုင်ကစားရန် စီစဉ်ထားကြောင်း သိရသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် အေဗရာမိုဗစ်ကပင် ကိုင်တွယ်မည်ဖြစ်ပြီး စခန်းဝင်လေ့ကျင့်မှုကို မတ် ၃ ရက်တွင် စတင်မည်ဖြစ်သည်။

မြန်မာယူ-၂၃ အသင်းတွင် နည်းပြချုပ် အေဗရာမိုဗစ်၊ လက်ထောက်နည်းပြ ဇီကိုဗစ်နှင့် ဦးစိုးမြတ်မင်း၊ ဂိုးနည်းပြ ဒီနို၊ ကစားသမားများအဖြစ် ဂိုး-ကျော်ဇင်ဖြိုး၊ ချမ်းငြိမ်းကျော်၊ ရန်အောင်လင်း၊ ဇော်ဇော်နိုင်၊ အောင်ဝေဖြိုး၊ နောက်တန်း-ရဲဝင်းအောင်၊ စည်သူအောင်၊ သိန်းဇော်၊ နေဇော်အောင်၊ ဇာနည်ထက်၊ ဇွန်မိုးအောင်၊ ဝင်းဇင်ဦး၊ ထန်တမန်၊ ဆွန်လာမန်၊ ဟိန်းသီဟဇော်၊ သိန်းနိုင်ဦး၊ အလယ်တန်း-ဖြိုးကိုကိုသိန်း၊ ဇော်လင်း၊ မျိုးမင်းဇော်၊ သက်ပိုင်ဦး၊ ရဲလင်းအောင်၊ အောင်ရှိုးသာမော၊ ကောင်းဆက်နိုင်၊ ကိုကိုဟိန်း၊ ထက်ဇော်ထွန်း၊ ဇင်ဖြိုးအောင်၊ ညီညီမင်း၊ ဇော်ဝင်း၊ ငြိမ်းတေဇာဝင်း၊ လှိုင်းဘိုဘို၊ အောင်ကျော်နိုင်၊ ချစ်စုမိုး၊ နေလင်းထွန်း၊ ရှေ့တန်း-ဒွေးကိုကိုချစ်၊ ဇင်မင်းထွန်း၊ သန်းထက်အောင်၊ စိုးပိုင်သွေးနှင့် ရန်နိုင်ထွေးတို့ ပါဝင်ကြသည်။

သတင်းနှင့် ဓာတ်ပုံ-ရွှင်းထက်ဇော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာန ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ကြေညာချက်အမှတ် (၁/၂၀၁၅) ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းလိုင်စင်အမျိုးအစားအလိုက် သတ်မှတ်ချက်များ ထုတ်ပြန်ကြေညာခြင်း

၁။ မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် နိုင်ငံတော်၏ စီးပွားရေးဖြစ်ထွန်းမှုကို အထောက်အပံ့ဖြစ်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ပေါ်ထွန်းလာစေရန်နှင့် ပြည်သူများတစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံမှုပြုနိုင်စေရန်အတွက် ရန်ကုန်စတော့အိတ်ချိန်းကို ယခုနှစ်တွင် ဖွင့်လှစ်ရန် ဆောင်ရွက်နေပါသည်။

၂။ ရန်ကုန်စတော့အိတ်ချိန်းတွင် ဝန်ဆောင်မှုပေးနိုင်ရန် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေပုဒ်မ ၇ (က)အရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား လိုင်စင်ထုတ်ပေးရန်အတွက် အောက်ဖော်ပြပါသတ်မှတ်ချက်များကို ထုတ်ပြန်ကြေညာလိုက်ပါသည်-

(က) လျှောက်ထားသူသည် ပေးရန်တာဝန်ကန့်သတ်ထားသည့် လီမိတက်ကုမ္ပဏီတစ်ခုအဖြစ် ဖွဲ့စည်း၍ မှတ်ပုံတင်ထားပြီးဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ကုမ္ပဏီ၏အမည်၌ "ငွေချေးသက်သေခံလက်မှတ်"ဟူသော စကားရပ်ပါရှိရမည်။

(ဂ) လျှောက်ထားသူသည် အောက်ဖော်ပြပါ လိုင်စင်အမျိုးအစားများအတွက် ယှဉ်တွဲဖော်ပြသည့် အနည်းဆုံးထည့်ဝင်ပြီး မတည်ငွေရင်းကို ထည့်သွင်းရမည်။

(၁) ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့် ဖြန့်ချိ ရောင်းချခြင်းလုပ်ငန်းလိုင်စင် - ကျပ် ၁၅ ဘီလီယံ

(၂) ငွေချေးသက်သေခံလက်မှတ်များကိုယ်ပိုင်ရောင်းဝယ်ခြင်း လုပ်ငန်းလိုင်စင် - ကျပ် ၁၀ ဘီလီယံ

(၃) ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်လုပ်ငန်းလိုင်စင် - ကျပ် ၇ ဘီလီယံ

(၄) ငွေချေးသက်သေခံလက်မှတ်ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်းလုပ်ငန်းလိုင်စင် - ကျပ် ၀.၀၃ ဘီလီယံ

(ဃ) ဒါရိုက်တာအများစုသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း(သို့မဟုတ်)အခြားငွေရေးကြေးရေးနှင့် ပတ်သက်သောလုပ်ငန်းများတွင် အနည်းဆုံးလုပ်သက် တစ်နှစ် ရှိရမည်။

(င) ဒါရိုက်တာများသည် ဘွဲ့(ဒီဂရီ)တစ်ခု ရရှိပြီးသူများဖြစ်ရမည်။

(စ) ဒါရိုက်တာများသည် အကျင့်စာရိတ္တ၊ ငွေကြေးစသည်တို့နှင့်ပတ်သက်၍ တရားရုံးက ထောင်ဒဏ်ချမှတ်ခြင်း ခံရသူများမဖြစ်ရ။

(ဆ) လျှောက်ထားသူသည် အမည်မည်းစာရင်း၌ ပါဝင်ခြင်းမရှိသူဖြစ်ရမည်။

(ဇ) လျှောက်ထားသူသည် မိမိလျှောက်ထားသည့် လိုင်စင်အမျိုးအစားအလိုက် ထည့်ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းကို ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အမည်ဖြင့် ငွေတိုက်စာချုပ်ဝယ်ယူထားရှိခြင်း(သို့မဟုတ်) နိုင်ငံပိုင်ဘဏ်တွင် ငွေစုဘဏ်စာရင်းဖွင့်လှစ်ထည့်သွင်းခြင်း(သို့မဟုတ်) ယင်းတို့နှစ်ခုစလုံးတွင် သင့်တော်သည့်အချိုးအစားဖြင့် ထည့်သွင်းထားခြင်းပြုလုပ်ရမည်။

(စျ) လျှောက်ထားသည့်အဖွဲ့အစည်းတွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းအတွေ့အကြုံလုပ်သက် အနည်းဆုံးသုံးနှစ်ရှိသည့် ကျွမ်းကျင်သည့်ပဂ္ဂိုလ်တစ်ဦးရှိရမည်။

(ည) လျှောက်ထားသည့်အဖွဲ့အစည်းသည် IT စနစ်ဖြင့် လုပ်ငန်းစွမ်းဆောင်နိုင်သည့် အရည်အချင်းရှိရမည်။

(ဋ) လျှောက်ထားသည့်အဖွဲ့အစည်းသည် လိုအပ်ပါက ရုံးခွဲများဖွင့်လှစ်နိုင်ရမည်။

(ဌ) ထည့်ဝင်ပြီးမတည်ငွေရင်းအား ဘဏ်ချေးငွေဖြင့် ထည့်ဝင်ခြင်းမပြုရ။

(ဍ) ထည့်ဝင်ပြီးမတည်ငွေရင်းသို့ ထည့်သွင်းမည့်ငွေသည် တရားဝင်အခွန်ပေးဆောင်ပြီးသော ဝင်ငွေရလမ်းဖော်ပြနိုင်သည့်ငွေဖြစ်ရမည်။

၃။ အထက်ဖော်ပြပါအချက်များနှင့် ကိုက်ညီသည့်ကုမ္ပဏီများသည် အပိုဒ်(၂)အပိုဒ်ခွဲ(ဂ)ပါ လိုင်စင်အမျိုးအစားတစ်ခုချင်းကို လျှောက်ထားနိုင်သည်။ သို့သော် အပိုဒ်ခွဲ (ဂ)(၁)ပါ လိုင်စင်အမျိုးအစားကို လိုင်စင်ရသူသည် လုပ်ငန်းလေးမျိုးစလုံးကို လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်သည်။

၄။ လျှောက်လွှာပုံစံများကို ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးတည်ရှိရာ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အဆောက်အအုံ၊ အမှတ်(၂၁-၂၅)၊ ဆူးလေဘုရားလမ်းတွင် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်မှစ၍ ရရှိနိုင်ပါသည်။

၅။ လျှောက်ထားသူသည် သတ်မှတ်ထားသော အချက်အလက်အပြည့်အစုံဖော်ပြထားသည့် လျှောက်လွှာပုံစံနှစ်စုံကို လိုအပ်သောစာရွက်စာတမ်းများပူးတွဲလျက် စာအိတ်တွင်ထည့်သွင်း၍ စာအိတ်၏နေရာ သုံးနေရာ၌ ကုမ္ပဏီတံဆိပ်ရိုက်နှိပ်ကာ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးသို့ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်ထက် နောက်မကျစေဘဲ တင်ပြရမည်။ စာအိတ်တွင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီလိုင်စင်လျှောက်လွှာဟူ၍ ရှင်းလင်းစွာရေးသားဖော်ပြရမည်။ သတ်မှတ်ထားသည့်ရက်ထက် နောက်ကျသောလျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

✱ ကျောဖုံးမှ

လေ့လာနိုင်ရန် လိုအပ်ပါကြောင်း၊ မြန်မာမြားပစ်အားကစားသမားများအနေဖြင့် အားသွန်ခွန်စိုက်ကြိုးစားကြရန်မှာကြားလိုကြောင်း၊ မြန်မာမြားပစ်အဖွဲ့တွင်ပါဝင်သော အားကစားသမားများအနေဖြင့် ကိုရီးယားနိုင်ငံ မြားပစ်အဖွဲ့နှင့် အတူတကွလေ့ကျင့်နေချိန်တွင် နည်းပညာနှင့် လေ့ကျင့်မှုများကို အကောင်းဆုံးကြိုးစားလေ့ကျင့်ခြင်းဖြင့် အတုယူကြရန် လိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲကိုကျင်းပရာ ကိုရီးယားနိုင်ငံ ဂါဝန်ဒိုမြားပစ်အဖွဲ့မှ Recurve အားကစားသမား လေးဦး၊ Compound အားကစားသမား နှစ်ဦး၊ မြန်မာနိုင်ငံမှ Recurve အားကစားသမား ၁၀ ဦး၊ Compound အားကစားသမားရှစ်ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲအား ဇန်နဝါရီ ၁၄ ရက်အထိကျင်းပပြီး ဆုပေးပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ဆုမွန်မော်)

ပြည်တွင်းရေးရာ

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီ ပြည်ထောင်စုဝန်ကြီးများနှင့် ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၃

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာအထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီနှင့် အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်နှင့် လည်းကောင်း၊ နံနက် ၁၀ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်နှင့် လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရင်နှင့် လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း(**ယာဝုံ**)နှင့် လည်းကောင်း၊ ညနေ ၃ နာရီတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်လည်းကောင်း၊ ညနေ ၄ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံက ဆောင်ရွက်နေသည့် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လူ့အခွင့်အရေးဆိုင်ရာ အဓိကစာချုပ်များအနက် ကျန်ရှိသည့် စာချုပ်များနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

တိုင်းရင်းသားရေးရာဝန်ကြီးများ၏ သဘောထားထုတ်ပြန်ချက်

၁။ တိုင်းရင်းသားရေးရာဝန်ကြီးများသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သက်ဆိုင်ရာတိုင်းရင်းသားမဲဆန္ဒရှင်ပြည်သူများက တိုက်ရိုက်ရွေးချယ်သော လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည်။ အရွေးချယ်ခံရသော တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။

၂။ တိုင်းရင်းသားရေးရာဝန်ကြီးများသည် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်သော်လည်း တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးစုများ၏ ကိုယ်စားလှယ်များဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတကြီး၏ ဖိတ်ကြားချက်အရ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့က ငုရွှေဝါခန်းမ၌ ကျင်းပပြုလုပ်သော တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြခြင်းသည် ပြည်သူနှင့် နိုင်ငံတော်၏အကျိုးစီးပွားအတွက်ဖြစ်ကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

တိုင်းရင်းသားရေးရာဝန်ကြီး(၂၉)ဦး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



❖ **ရှေ့ဖုံးမှ**

ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ သိန်းခန့် ကုန်ကျကြောင်း သိရသည်။ စစိုက်ပြီး တစ်နှစ်ခန့်အကြာတွင် အသီးသီးနိုင်ပြီး ပထမအသီးမှာ လေးလကျော်မှ ရောင်းချရပြီး နောက်ထပ်တစ်လခွဲ နှစ်လလောက်နားပြီး ထပ်၍ရောင်းချနိုင်သည်။ မိုးတွင်း အသီးဆိုလျှင် သုံးလကျော်ဖြင့် ရောင်းချနိုင်သည်။ စပျစ်ပင်သည် မှင်စက်၊ ရိုးညို၊ မဲ့ပျောက်စွန်း၊ သံချေးမှိ၊ မှိုဖြူအစရှိသောမှိုအမျိုးမျိုးကျတတ်သဖြင့် မှိုဆေးအမျိုးမျိုး ဖျန်းပေးရကြောင်းလည်း သိရသည်။

စပျစ်စိုက်ပျိုးရာတွင် Black Queen (BQ)၊ Big Black (BB)၊ ပန်းရောင်နှင့် သီးခွန်သီးစသော မျိုးကွဲများစွာရှိပြီး မျိုးကွဲများအလိုက် စျေးနှုန်းကွာခြားမှုရှိသည်။ နံပါတ် သုံးအညိုသီးက လူကြိုက်အများဆုံး အသီးဖြစ်ပြီး စျေးကွက်အတွင်းတွင် လည်း ရောင်းအားအကောင်းဆုံး အသီးဖြစ်သည်။

ရမည်းသင်းခရိုင်အတွင်း ထွက်ရှိသော စပျစ်သီးများကို အထူးသဖြင့် ရန်ကုန်၊ မန္တလေး၊ မူဆယ်၊ ပဲခူး၊ မော်လမြိုင်၊ တောင်ကြီးအစရှိသည့် ဒေသအနှံ့သို့ တင်ပို့ရောင်းချလျက်ရှိသည်။ ထို့အပြင် ခြံအထိ ပွဲစားများ ကိုယ်တိုင်လည်း လာရောက်ဝယ်ယူကြသည်။

"တစ်နေ့ကို ပုံမှန် ၁၀ ပိဿာ လောက်တော့ ရောင်းရပါတယ်။ ရောင်းရတဲ့နေ့တွေဆိုရင်တော့ ပိဿာ ၂၀ လောက်ထိ ရောင်းရပါတယ်။ ပုံမှန်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် အဆင်ပြေပါတယ်။ ဒီရွှေဒါးတိုက်နယ် အတွင်းမှာရှိတဲ့ အခြေခံလူတန်းစား တွေနဲ့ တောင်သူအချို့ကတော့ စပျစ်ခြံစိုက်ပျိုးခြင်း၊ ရောင်းဝယ်ခြင်း လုပ်ငန်းနဲ့ပဲ မိသားစုစားဝတ်နေရေး အဆင်ပြေနေကြပါတယ်"ဟု ရွှေဒါး ကားဂိတ်အနီး စပျစ်သီးရောင်းချသူ မအေးအေးအောင်ပြောသည်။

စပျစ်သီးတွင် သကြားဓာတ် ၁၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းနှင့် ရေဓာတ် ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းထိ ပါဝင်ကြောင်း၊ ထို့အပြင် နှလုံးနှင့်ဆက်စပ်သော ရောဂါများကိုလည်း ကာကွယ်နိုင်ပြီး ဝမ်းချုပ်ခြင်းနှင့် အစာမကြေ ဝေဒနာများအတွက် အထူးကောင်းမွန်ကာ ခေါင်းတစ်ခြမ်း ကိုက်ဝေဒနာကိုလည်း သက်သာစေနိုင်သည်။ ကျန်းမာရေးအတွက်လည်း အထူးကောင်းမွန်ပြီး သရေစာအဖြစ် စားသုံးနိုင်သော စပျစ်သီးများကို မြန်မာပြည်အနှံ့သို့ တင်ပို့ရောင်းချခြင်းဖြင့် တောင်သူများမိသားစု စားဝတ်နေရေးအဆင်ပြေပြီး လူနေမှုအဆင့် အတန်းများလည်း တိုးတက်လျက်ရှိကြောင်း သိရသည်။

မီး သတိပြု

လေကြောင်းကင်းထောက် ဖမ်းဆီးခဲ့သည့် တရားမဝင်သစ်ထုတ်လုပ်ရာတွင် အသုံးပြုသော ယာဉ်များ၊ သစ်တင်ယာဉ်များ မြစ်ကြီးနားမြို့သို့ ရွှေ့ပြောင်း

နေပြည်တော် ဇန်နဝါရီ ၁၃

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဝါရှောင်၊ မံဝိန်း၊ ဆီနီကူး၊ မံတောင်၊ လောခွန်ယန်၊ ဆဒုံးဒေသတွင်း နိုင်ငံတော်၏ သယံဇာတများဖြစ်သည့် အဖိုးတန်သစ်များအား တရားမဝင် ခုတ်ယူပြီး ရောင်းချရန် သစ်တင်ယာဉ်များ စုစည်းပြင်ဆင်ထားရှိမှုများအား လေကြောင်းကင်းထောက်မှုအရ သိရှိရသဖြင့် တပ်မတော် စစ်ကြောင်းများက ဇန်နဝါရီ ၂ ရက်မှ ၁၁ ရက်အထိ နယ်မြေရှင်းလင်း ဆောင်ရွက်ချိန်တွင် ဖမ်းဆီးရမိခဲ့သည့် လုပ်ဒါ/ဘက်ဟိုးယာဉ်ကိုးစီး၊ ပါဂျီရိုး လေးစီး၊ ဝီကင်းဂျစ်လေးစီး၊ ဝန်ဆွဲယာဉ်လေးစီး၊ နှစ်ခန်းတွဲယာဉ်နှစ်စီး၊ သစ်တင်ယာဉ် အမျိုးအစားမျိုးစုံ ၄၅၅ စီး၊ တုန်ဖုန်း/ဒေါင်ဖန်းယာဉ်လေးစီး၊ ကရိန်းငါးစီး၊ မြေသယ်ယာဉ် ခြောက်စီး စုစုပေါင်း ၄၉၃ စီးနှင့် ဆိုင်ကယ်ကိုးစီးတို့အား တပ်မတော်မှ ယာဉ်မောင်းများ၊ ယန္တရားမောင်းများနှင့် စက်ပြင်စစ်သည်များက မြစ်ကြီးနားမြို့သို့ ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဖမ်းဆီးရမိယာဉ်များ ရွှေ့ပြောင်းခြင်းကို ဇန်နဝါရီ ၇ ရက်မှ စတင်ပြောင်းရွှေ့ခဲ့ပြီး ယနေ့အထိ ၁၀ ဘီးယာဉ် ၁၉၂ စီး၊ ခြောက်ဘီးယာဉ် လေးစီး၊ ဝန်ဆွဲယာဉ် သုံးစီး၊ ပါဂျီရိုးနှစ်စီး၊ ဝီကင်းဂျစ်နှစ်စီး၊ နှစ်ခန်းတွဲယာဉ်တစ်စီး၊ လုပ်ဒါယာဉ်တစ်စီး၊ ကရိန်းနှစ်စီး စုစုပေါင်း ၂၀၇ စီးနှင့် ဆိုင်ကယ်ငါးစီးတို့အား ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ရွှေ့ပြောင်းရန် ကျန်ရှိနေသော ဖမ်းဆီးရမိယာဉ်များအား ဆက်လက် ရွှေ့ပြောင်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ယာဉ်များနှင့်အတူ ဖမ်းဆီးရမိသော စိတ်ကြွဆေးပြားများ၊ ဘိန်းမည်းခြောက်ထုပ်၊ ဘိန်းစိမ်း ၂၀ ကျပ်သား၊ တရုတ်ယွမ်ငွေ ၁၂၀၀၀ နှင့် မြန်မာနိုင်ငံသား ၁၉ ဦး၊ တစ်ဖက်နိုင်ငံသား ၁၂၅ ဦးတို့အား ဆဒုံးမြို့နယ်နှင့် ဝိုင်းမော်မြို့နယ် ရဲတပ်ဖွဲ့များသို့ စနစ်တကျ လွှဲပြောင်း အပ်နှံခဲ့ပြီး ကျန်ရှိသည့် တစ်ဖက်နိုင်ငံသား ခုနစ်ဦးအား ဆက်လက်လွှဲပြောင်း အပ်နှံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ပင်းယနှင့်သီရိ ရှိခဲ့သည့်သံယောဇဉ်

မောင်ကျေးဇူး

ရန်ကုန်တက္ကသိုလ် (၇၅)နှစ်ပြည့် စိန်ရတုအလွန် ၁၉၉၆ ခုနှစ်မှစတင်ပြီး ကျောင်းသား ကျောင်းသူများ နေထိုင်ရာအဆောင်(Hostel)များကို ပိတ်ထားခဲ့ရာမှ ယခုအခါ အဆောင်များ ပြုပြင်နေထိုင်ခွင့်ပြန်ပေးတော့ မယ်ဆိုတော့ ဝမ်းသာလိုက်ရတာ။ အဲဒီထဲမှာ သီရိဆောင်နဲ့ မာလာဆောင်လည်းပါတယ်ဆိုတော့ စာရေးချင်စိတ်ပေါက်လာပါတယ်။ အတိတ်ကပုံရိပ်တွေ မြင်ယောင်လာလို့ပါ။

၁۹۶၁-۶၂ ခုနှစ်က စာရေးသူဟာ ရန်ကုန်တက္ကသိုလ် ပင်းယဆောင်နေ ဝိဇ္ဇာနောက်ဆုံးနှစ်ကျောင်းသား၊ ပင်းယဆောင်သဟာယနှင့် စာဖတ်အသင်း(S & R) အမှူဆောင်၊ စာရေးသူရဲ့တာဝန်က ပေါင်းသင်းဆက်ဆံရေးမျှူး။

အဲဒီနှစ် အဆောင်ညစာစားပွဲကြီးမှာ ဆိုင်း၊ အငြိမ့်ဖျော်ဖြေရေးအစီအစဉ်မတိုင်မီ အဆောင်ဂုဏ်ပြုအဖွင့် သီချင်းသီဆိုဖို့ အမှူဆောင်အဖွဲ့က ဆုံးဖြတ်ပါတယ်။ ပင်းယဆောင်သားရေးတဲ့သီချင်းကို ပင်းယဆောင်သားကတီး၊ ပင်းယဆောင်သားများကပဲ သီဆိုဖို့ပါ။ ပင်းယဆောင်ရဲ့အားဟာ ပင်းယဆောင်တွင်းမှာရှိတယ်ဆိုတဲ့ မူချခဲ့ပါတယ်။

စာရေးသူဟာ အဲဒီတုန်းက "တောင်တွင်းမင်းစိုး" ကလောင်အမည်ခံယူပြီး ကဗျာ၊ ဆောင်းပါးများ ရေးသားနေချိန်ပါ။ "ပင်းယဂုဏ်ရည်"သီချင်းကို ရေးစပ်ဖို့ ဂီတစာဆိုအဖြစ် တာဝန်ယူလိုက်ပါတယ်။ အဲဒီကာလ အဆောင်အတွင်းရေးမှူး မောင်ကိုကို(လောင်းရှည်)က ဝွတ္တလစ်နေ မယ်ဒလင်ချက်ကြီးဆီမှာ မယ်ဒလင်တီးသင်နေတာပါ။ မောင်ကိုကိုနဲ့ လိုက်သွားပြီး ဂီတသံစဉ်ထည့်ရပါတယ်။ စာရေးသူနဲ့ မောင်ကိုကိုတို့ ဂီတသံစဉ်ရလာတဲ့အခါ ပင်းယဆောင်မှ တယော၊ ဂီတာ၊ မယ်ဒလင်၊ စည်းဝါးကျောင်းသားများကိုခေါ်ပြီး သီချင်းတိုက်ကြရပါတယ်။

အတီးသမားများမှာ ပင်းယဆောင်နေ မယ်ဒလင် မောင်ကိုကို(လောင်းရှည်)နဲ့ ကိုသန်းကျော်(တောင်တွင်းကြီး)၊ တယောကိုမြသောင်း(မုံရွာ)၊ ဂီတာ ကိုဇော်ဝင်း(တောင်တွင်းကြီး)၊ စည်းဝါး ကိုစိန်နိုင်(ရေနံချောင်း)တို့ ဖြစ်သလို အဆိုမှာ ပင်းယဆောင်ကျောင်းသားများဖြစ်တဲ့ ကိုကျော်စိုး(စာရေးသူ၊ တောင်တွင်းကြီး)၊ ကိုကျော်ဝင်း(ဟသ်တ)၊ ကိုစိုးနိုင်(တောင်တွင်းကြီး)နဲ့ ကိုအောင်သန်း(တောင်တွင်းကြီး)တို့ပါပဲ။

၁၂-၁-၁۹۶၂ ရက် ပင်းယဆောင်မျက်နှာစာ မြက်ခင်းပြင်မှာ ပင်းယဆောင်နှစ်ပတ်လည်ညစာစားပွဲကြီး ကျင်းပရာ ဖော်ပြပါအဖွင့်သီချင်း သီဆိုဖြစ်ခဲ့ပါတယ်။

ပင်းယဂုဏ်ရည်

(ခြေဆင်း) ပြည်ထောင်စုမြန်မာ. . . သားကောင်းရတနာ. . . မွေးဖွားပါတဲ့ တက္ကသိုလ်မြိုင်ညိုတောမှာ ဖြင့်. . . ပင်းယဆောင်. . . ပညာရိပ်မွန်. . . ပါ. . . ။

[ရာဇဝင်တဒင်. . . ပင်းယထင်ရှားခဲ့တာ. . . ခေတ်ဟောင်းကို အောက်မေ့လွမ်းဆွတ်ကာ××× တက္ကသိုလ်မြိုင်ညိုတောမှာ× × × (ပင်းယ)[1] ဆောင်တည်ခဲ့လေတာ× × ×]

(ပင်းယဆောင်မှာ××× ပညာရည်နို့သောက်ဖို့ကြ တာ×××ညီရင်းအစ်ကိုပမာ××× ပြည်ထောင်စုသားချင်းလေ ရိုင်းပင်းကြတာ× × ×)[2] (မြန်၊ မွန်၊ ကချင်. . . ကရင်၊ ကယားနဲ့. . . ပအိုဝ်း၊ ရခိုင်၊ ရှမ်း၊ ချင်းများလဲပါ)[3] တောင်ပေါ်မြေပြန့်မခွဲခြား သဘောထားညီညွတ်စွာ × × × နယ်ပေါင်းစုံရိပ်ခိုနားကြတယ် × × × ပင်းယဆောင် × × × ဂုဏ်ရောင်ထွန်းပြောင်တာ × × × ။

(ပညာရေးကို အားသွန်ကြိုးလို့သာ ပင်းယဆောင် ပါ × × × ကိုယ်လက်လှုပ်ရှားကစားကြတာ ပင်းယဆောင် ပါ × × × ချစ်ခင်ပေါင်းသင်းရင်းနှီးကြလို့သာ ပင်းယဆောင် ပါ)[4] တက္ကသိုလ်မြိုင်ညိုတောမှာ (ပင်းယ)[5] ဆောင်ဂုဏ် ရောင်ထွန်းပြောင်တာ။

(ပင်းယဆောင်မှာ ပညာရှာမီးခေါင်းဆောင်ကြီးများ ထွက်ပေါ်လာကြတာ။ သိပ္ပံဝိဇ္ဇာဘွဲ့ထူးများကို လှမ်းဆွတ်ကြလို့သာ. . .)[6] ဆရာနဲ့ကျောင်းသား လက်တွဲလို့ ညီညာ. . . တက္ကသိုလ်မြိုင်ညိုတောမှာ ပင်းယဆောင် ဂုဏ်ရောင်ထွန်းပြောင်တာ။

အဲဒီညစာစားပွဲကြီးသို့ ပင်းယနဲ့မောင်နှမဆောင် ပြုလုပ်ထားတဲ့ သီရိဆောင်မှ သဟာယနှင့် စာဖတ်အသင်း အမှူဆောင်အဖွဲ့တို့လည်း တက်ရောက်ခဲ့ပါတယ်။ မောင်နှမ ဆောင်ရဲ့ရည်ရွယ်ချက်ကတော့ အဆောင်အရေးကိစ္စများ ကို အပြန်အလှန်ကူညီရိုင်းပင်းဖို့ပါ။ ဥပမာ-အဆောင် ရန်ပုံငွေရုပ်ရှင်ပြရင် လက်မှတ်ကူရောင်းပေးရတာမျိုးပေါ့။ ညစာစားပွဲဆိုလည်း အပြန်အလှန်ဖိတ်ကြရတာ။ မောင်နှမ ဆောင်ဆိုတာ ပုံသေမဟုတ်ဘူး။ တစ်နှစ်တစ်ခါပြောင်းသတ်မှတ်ကြတာပါ။ ဆိုင်ရာအမှူဆောင်သစ်များရဲ့ ဆုံးဖြတ်ချက်ပေါ့။

"ပင်းယဂုဏ်ရည်"သီချင်းဆုံးဆုံးချင်း သီရိဆောင် အမှူဆောင်အဖွဲ့က စာရေးသူအားတွေ့ဆုံပြီး အဖွင့်သီချင်း ထည့်တဲ့အစီအစဉ်ကို သဘောကျကြောင်း၊ သီရိဆောင် အတွက်လည်း ပဏာမအဖွင့်သီချင်းရေးပေးရမှာဖြစ်ကြောင်း နားပူကြပါတယ်။ မောင်နှမဆောင်ဆိုတော့ စာရေးသူက ခေါင်းညိတ်လိုက်ရတာပေါ့။

သီချင်းရေးပြီးတဲ့အခါ တယောကိုမြသောင်းကိုခေါ်ပြီး အဆိုတော် ကိုစိန်ဝင်းရှိရာ ဗဟန်းသွားပြီးဂီတသံစဉ်ယူရပါတယ်။ သီရိဆောင်မှ ဥက္ကဋ္ဌမစောကလျာသင်း၊ ဒု ဥက္ကဋ္ဌ မယဉ်ယဉ်သင်း၊ အတွင်းရေးမှူး မထားထား၊ သီချင်းဆိုမယ့် မမြရီ၊ မခင်မျိုးရီ၊ မခင်မကြီးတို့လည်း လိုက်ပါလာကြတယ်။ ကိုစိန်ဝင်းက စန္ဒရားနဲ့သီချင်းအလိုက်ချပေးပါတယ်။

၂၀-၁-၁۹۶၂ ရက်က သီရိဆောင်နှစ်ပတ်လည်ညစာ စားပွဲကျင်းပရာ သီရိဆောင်သီချင်းနဲ့ အခမ်းအနားဖွင့်လှစ်တာပါ။

သီရိဆောင်သီချင်းနဲ့ စပ်လျဉ်းလို့ အတီးမှာ ပင်းယဆောင်သားများဖြစ်တဲ့ ကိုမြသောင်း(တယော)၊ ကိုဇော်ဝင်း(ဂီတ)၊ ကိုသန်းကျော်(မယ်ဒလင်)၊ ကိုစိန်လှိုင်(စည်းဝါး) တို့တာဝန်ယူပါတယ်။ အဆိုမှာ သီရိဆောင်သူများဖြစ်တဲ့ မခင်မျိုးရီ၊ မမြရီ၊ မခင်မကြီး၊ မအေးငြိမ်းတို့ဖြစ်ပါတယ်။

ကျက်သရေရွှန်းပြောင်သီရိဆောင်

(ခြေဆင်း)တက္ကသိုလ်တစ်ခွင်. . . ပညာရှင်အမျိုးသမီးများထွန်းကားရာမသွေ. . . ကျက်သရေရွှန်းပြောင်လှတဲ့ သီရိဆောင်ပါလေ။

တိုင်းပြည်အတွက်မို့ပေ. . . ကြိုးစားပညာဖွေ. . . ယောက်ျားများနဲ့ ရင်ပေါင်တန်းမလေ . . . ဘီအေဘွဲ့နဲ့ အမ်အေဘွဲ့. . . တို့တတွေလှမ်း. . . လှမ်းဆွတ်ကာ ချွေ . . . မလစ်ဟင်းရပေ. . . ကျန်းမာရေးကိုလေ. . . တန်ဖိုးထား . . အားကစားကြတဲ့အဆောင်ဖြစ်ပေ. . . ။

(သီရိသူပျိုဖြူချော. . . ချိုသာလှပေ. . . ချစ်စဖွယ် မျက်နှာပေးလေးနဲ့. . . ယဉ်ကျေးသိမ်မွေ့နေ. . ကျောင်းသူချင်းညီမရင်းသဖွယ်. . . ကူညီဝိုင်းကြပေ)[7]. . . အိမ်တွင်းမှုပညာ. . . ပန်းဇာထိုးတတ်မြောက်ပါပေ. . . သီရိဆောင် တို့ရဲ့အဆောင် . . . . တို့အဆောင် ဖြစ်သလေ. . .

(သံပြိုင်) (ယဉ်ကျေးမှုထိန်းသိမ်းစို့မသွေ. . . . အဆောင်သူတိုင်းမှာလေ. . . စိတ်ဝမ်းမကွဲပေါင်းစည်းလို့လေ အဆောင်သူယမင်းပျိုတတွေ)[8] . . . သီရိရဲ့ တောင်းဆုပကာချွေ. . . ပညာအလင်းရောင်. . . ထွန်းလင်းပြောင်ပါစေ။

အဖွင့်သီချင်းအပြီးတွင် သီရိဆောင်ညစာစားပွဲလာ ပရိသတ်အားလုံးရဲ့ လက်ခုပ်ဩဘာသံ အာကာယံ လွင့်ပျံသွားပါတယ်။

အဲဒီနောက် စန္ဒရားလှထွင့်တူရိယာအဖွဲ့၊ ချန်ပီယံတင်ညွှန့်မျက်လှည့်၊ နောက်ဆုံးအစီအစဉ်အဖြစ် အင်္ဂလိပ်ရုပ်ရှင်ဇာတ်ကား High Society နဲ့ ဧည့်ခံ ဖျော်ဖြေပါတယ်။

ရန်ကုန်တက္ကသိုလ် ၇၅ နှစ်ပြည့် စိန်ရတုသဘင်ကို ၁۹၉၅ ခုနှစ်ကကျင်းပတော့ "ပင်းယဂုဏ်ရည်" သီချင်းရော "ကျက်သရေရွှန်းပြောင်သီရိဆောင်"သီချင်း ပါ မျိုးဆက်သစ်တွေ ပြန်လည်ဆန်းသစ်ကြပါတယ်။ ကျွန်တော့်ကိုလည်း ဂီတစာဆိုအဖြစ် ဖိတ်ပါတယ်။

သီရိဆောင်သူဟောင်း မထားထားနဲ့ ပြန်ဆုံခဲ့ရပါတယ်။ စီးပွားရေးတက္ကသိုလ်ကထိကတဲ့၊ သူ့အမျိုးသားက ရေတပ်ပိုလ်မှူး။ သီရိဆောင်စိန်ရတုဓာတ်ပုံပြပွဲမှာ မခင်မျိုးရီနဲ့လည်း တဒင်ဆုံရပါတယ်။ စိတ်ပညာကထိက ဆရာမကြီးဖြစ်နေပြီ။

ယနေ့ သမင်လည်ပြန်ကြည့်လိုက်တော့ "ပင်းယဂုဏ်ရည်"မှာ ပါဝင်ခဲ့တဲ့ မောင်ကိုကို(လောင်းရှည်)၊ ကိုမြသောင်း (မုံရွာ)၊ ကိုအောင်သန်း(တောင်တွင်းကြီး)၊ သီရိဆောင်မှ မစောကလျာသင်း၊ မခင်မကြီးတို့ အကြွေစေခဲ့ကြပါပြီ။ သံယောဇဉ်ဖြစ်ခဲ့တဲ့နှစ်ပဲ (၅၀) ကျော်ပြီလေ။ မည်သို့ဆိုစေ ထိုစဉ်က ဝန်းကျင်နဲ့ ဆုံမှတ်ကို မပြတ်သတိရလွမ်းဆွတ်နေဆဲပါ။ ။

နေပြည်တော် ဒကွိ်ဏာသီရိမြို့နယ် မြို့နယ်ရဲစခန်းမှ နယ်မြေလုံခြုံရေး လှည့်ကင်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၃

နေပြည်တော် ဒကွိ်ဏာသီရိမြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ကျော်ခိုင်နှင့်အဖွဲ့ ဦးဆောင်၍ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ခိုးမှု၊ လုယက်မှုများနှင့် မှုခင်းကြီး၊ မှုခင်းငယ်များပယောက်ရေးအတွက် စက်ဘီး၊ ဆိုင်ကယ်များနှင့် လှည့်ကင်းများ နေ့၊ ည ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ နေပြည်တော်ကောင်စီ နယ်မြေအတွင်း မြို့နယ်များတွင် ဆိုင်ကယ်ခိုးမှုများ၊ အိမ်ဖောက်ထွင်းမှုများ မကြာခဏပေါ်ပေါက်လျက်ရှိရာ နယ်မြေရဲစခန်းနှင့် နယ်မြေရဲကင်းအလိုက် နေ့ပိုင်း၊ ညပိုင်း အလှည့်ကျလှည့်ကင်းများ စီမံချက်ချ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဆိုင်ကယ် ပျောက်ဆုံးမှုတွေ မကြာခဏဆိုသလို ကြားနေရတယ်၊ တချို့ဝန်ထမ်းတွေဆို အခိုးခံရတာကို ရှက်လို့အမှုမဖွင့်ဘူး။ ဒီလိုပဲ အဆုံးရှုံးခံလိုက်တယ်။ တချို့လည်း ရဲစခန်းက ဖမ်းမိလို့ ပြန်ရတာလည်းရှိတယ်။ ကျွန်တော်တို့ ဝန်ထမ်းရပ်ကွက်တွေ ဖြစ်တဲ့ ဇမ္ဗူသီရိမြို့နယ်မှာဆို အရင်က ရပ်ကွက်အလိုက် ရဲစခန်းရှိတယ်။ ရဲဝန်ထမ်းအင်အားလည်း အတော်များတယ်။ ခုဆိုရပ်ကွက်တွေမှာ ရဲစခန်းတွေမရှိခဲ့သလို ရဲဝန်ထမ်းအင်အားကလည်း ဝန်ထမ်းအိမ်ရာတွေမှာ နည်းသွားတယ်။ ဒါကြောင့်လည်း သူခိုးသူဝှက်က သောင်းကျန်းလာတာပေါ့။ ဒါကြောင့် ရဲအင်အား တိုးချဲပေးသင့်တယ်။ ဘာပဲပြောပြော ခုတော့ မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက်ရှိတဲ့ ရဲဝန်ထမ်းအင်အားလေးနဲ့ စက်ဘီး၊ ဆိုင်ကယ်တွေနဲ့ လှည့်ကင်းဆောင်ရွက်ပေးနေပြီဆိုတော့ သူခိုးသူဝှက်ရန်တော့ နည်းနည်းသက်သာမယ်တော့ထင်တာပဲ"ဟု ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်တွင် နေထိုင်သော ဝန်ထမ်းတစ်ဦးက မှတ်ချက်ပြုပြောသည်။

(သန်းဦး-လေးမျက်နှာ)

တရားလွှတ်တော် စာရေးဝန်ထမ်းများ သင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်က ကြီးမှူးဖွင့်လှစ်သည့် စာရေးဝန်ထမ်းများ ဌာနတွင်း မွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်ကြောင်း သိရသည်။

(ကြေးမုံ)



အမိကအဆောက်အအုံများ လေဆိပ်များနှင့် မြို့များ၌ လုံခြုံရေးအဆင့် အမေရိကန်တိုးမြှင့်မည်

ဝါရှင်တန် ဇန်နဝါရီ ၁၃

မကြာသေးမီက ပြင်သစ်နိုင်ငံ မြို့တော်ပါရီ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ကမ္ဘာ့နိုင်ငံများ၌ လုံခြုံရေးတင်းကျပ်လျက်ရှိပြီး အမေရိကန်ပြည်ထောင်စုသည် အချက်အချာကျသော လေဆိပ်များ၊ အစိုးရအဆောက်အအုံများနှင့် မြို့ကြီးများရှိ လုပ်ငန်းအဆောက်အအုံများ၏ လုံခြုံရေးကို တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၃ ရက်က ထုတ်ပြန်ကြေညာသည်။

အမိမြေလုံခြုံရေးအတွက် နိုးနိုးကြားကြားရှိရန် လွန်ခဲ့သော ရက်သတ္တပတ်က ကမ္ဘာတစ်ဝန်း ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများက ညွှန်းဆိုနေကြောင်း အမေရိကန် အမိမြေလုံခြုံရေးဝန်ကြီး ဂျားဂျွန်ဆင်၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

ပါရီ၌ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် တိကျပြီး ယုံကြည်စိတ်ချရလောက်သော ထောက်လှမ်းရေးဆိုင်ရာ သတင်းအချက်အလက်များကို မရရှိခဲ့ကြောင်း။ ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ယခင်ရက်သတ္တပတ်အတွင်းက ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုမျိုး အမေရိကန်တွင် ဖြစ်ပေါ်မလာစေရေးအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးအစီအစဉ်များကို ရေးဆွဲထားကြောင်း အမိမြေလုံခြုံရေးဝန်ကြီးက ပြောကြားသည်။

ရိုက်တာ။

ချာလီဟက်ဒိုမဂ္ဂဇင်းတိုက်နှင့် Liberation သတင်းစာမှ ဝန်ထမ်းများလုပ်ငန်းခွင်ဝင်နေစဉ်။

ချာလီဟက်ဒိုမဂ္ဂဇင်း စောင်ရေသုံးသန်းခန့် ထုတ်ဝေရန် စီစဉ်

ပါရီ ဇန်နဝါရီ ၁၃

အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရသည့် ချာလီဟက်ဒိုမဂ္ဂဇင်းတိုက်မှ အသက်ရှင်ကျန်ရစ်သူ ဝန်ထမ်းများက မဂ္ဂဇင်းတိုက်၏ သမိုင်းတစ်လျှောက် မကြုံဖူးသည့်စောင်ရေအဖြစ် ယခုပတ်ထုတ်ဝေမည့် မဂ္ဂဇင်းကိုစောင်ရေ သုံးသန်းခန့် ရိုက်နှိပ်ထုတ်ဝေရန် စီစဉ်လျက်ရှိသည်။

လွန်ခဲ့သည့် သီတင်းပတ်က အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် ဝန်ထမ်းအင်အား လျော့နည်းသွားသည့် ပြင်သစ်သရော်စာမဂ္ဂဇင်းတိုက်ကို နေရာဌားရမ်းလုပ်ကိုင်ခွင့်ပြုထားသည့် Liberation (လွတ်မြောက်မှု၊ လွတ်လပ်မှု) သတင်းစာ၏အဆိုအရ ချာလီဟက်ဒိုမဂ္ဂဇင်းသစ်ကို ဇန်နဝါရီ ၁၄ ရက်တွင် ရိုက်နှိပ်ထုတ်ဝေသွားမည်ဖြစ်သည်။

ဇန်နဝါရီ ၁၂ ရက်တွင် Liberation သတင်းစာက အသစ်ထုတ်ဝေမည့် ချာလီဟက်ဒို မဂ္ဂဇင်းမျက်နှာဖုံးကာတွန်းပုံကို ထည့်သွင်းဖော်ပြခဲ့သည်။ မဂ္ဂဇင်းမျက်နှာဖုံး၏ သရုပ်ဖော်ကာတွန်းပုံတွင် မုတ်ဆိတ်မွေးဖွားဖွားနှင့် ခေါင်းပေါင်း ပေါင်းထားပြီး ပါးပြင်တွင်လည်း မျက်ရည်များစီးကျနေသူတစ်ဦးက “Je Suis Charlie” “ငါက ချာလီပါ” ဟူသော ဆိုင်းဘုတ်ကို ကိုင်ဆောင်ထားသည်။ ယင်းကာတွန်းပုံအပေါ်ပိုင်းတွင် “အားလုံးကို ခွင့်လွှတ်လိုက်ပါ” ဟူသော စာသားလည်းပါရှိမည်ဖြစ်သည်။

ပြင်သစ်သတင်းမီဒီယာများက ယင်းကာတွန်းပုံသည် တမန်တော် မိုဟာမက်က သူ့ကိုလှောင်ပြောင်သရော်ခဲ့သည့် ကာတွန်းပုံများကို ခွင့်လွှတ်ကြောင်း သရုပ်ဖော်ထားခြင်း ဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ခဲ့ကြသည်။

အေပီ။

ယူနန်ပြည်နယ် ပါတီအကြီးအကဲဟောင်းအား အကျင့်ပျက်ခြစားမှုကြောင့် ရာထူးမှထုတ်ပယ်

ပေကျင်း ဇန်နဝါရီ ၁၃

တရုတ်အာဏာရကွန်မြူနစ်ပါတီသည် အကျင့်ပျက်ခြစားမှုကြောင့် စုံစမ်းစစ်ဆေးမှုခံနေရသည့် ဥပဒေပြုလွှတ်တော်အမတ်တစ်ဦးကို ရာထူးမှထုတ်ပယ်ခဲ့ကြောင်း၊ ယင်းမှာ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ထိပ်တန်းတာဝန်ရှိသူများအား အကျင့်ပျက်ခြစားမှုနှင့်ပတ်သက်၍ အရေးယူသည့် မြောက်များလှစွာသောအမှုများအနက် နောက်ဆုံးဖြစ်ရပ်ဖြစ်ကြောင်း တရုတ်နိုင်ငံအကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင်က ဇန်နဝါရီ ၁၃ ရက်တွင် ပြောကြားသည်။

နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်ပါတီအကြီးအကဲဟောင်းဖြစ်သူ ပိုင်အန်းပေမှာ လာဘ်ငွေပမာဏအများအပြားကို လက်ခံခဲ့ကြောင်း စုံစမ်းစစ်ဆေးသူများက တွေ့ရှိပြီးနောက် တရုတ်ပါလီမန်မှ ၎င်းကိုရာထူးမှ ဖယ်ရှားခဲ့သည်။ ပိုင်မှာ နိုင်ငံအနောက်ပိုင်း ကျင်ဟောပြည်နယ် ပါတီအကြီးအကဲနှင့် အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ကာ ပြီးခဲ့သည့် သြဂုတ်လကတည်းက စုံစမ်းစစ်ဆေးမှု ခံနေရသူဖြစ်ကြောင်း အဆိုပါကော်မရှင်က ထုတ်ပြန်ချက်တစ်ခုတွင် ဆိုသည်။

တရုတ်သမ္မတ ရီကျင့်ဖျင်က တရုတ်နိုင်ငံတွင် ဖြစ်ပွားနေသော အကျင့်ပျက်ခြစားမှုမှာ အာဏာဆက်လက်ဆုပ်ကိုင်မည့် ကွန်မြူနစ်ပါတီ၏စွမ်းရည်ကို ကြီးမားစွာခြိမ်းခြောက်နေကြောင်း သတိပေးထားသည်။

ရိုက်တာ။

သီရိလင်္ကာသို့ ပုပ်ရဟန်းမင်းရောက်ရှိ

ကိုလံဘို ဇန်နဝါရီ ၁၃

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် သုံးရက်ကြာ ခရီးစဉ်အဖြစ် သီရိလင်္ကာနိုင်ငံသို့ ဇန်နဝါရီ ၁၃ ရက်တွင် ရောက်ရှိလာသည်။ ပုပ်ရဟန်းမင်းကြီးအား သမ္မတသစ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ မီသရီပါလာ သီရိသေနာက ခရီးဦးကြိုဆိုကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

မျှော်လင့်

ပုပ်ရဟန်းမင်းကြီး၏ ခရီးစဉ်သည် မိမိတို့နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တမီလ်၊ ဆင်ဟာလာ၊ အစ္စလာမ်နှင့် ခရစ်ယာန်တို့အကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်စေမည့် ခေတ်သစ်ကို အစပြုရာရောက်စေမည်ဟု မိမိမျှော်လင့်ကြောင်း သီရိသေနာက ပြောကြားသည်။

ဂင်းသည် ဆင်ဟာလာ မျိုးနွယ်မှဖြစ်ပြီး ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သည်။ ပုပ်ရဟန်းမင်းကြီးအား သီရိလင်္ကာနိုင်ငံသို့ကြွရောက်တော်မူရန် ဖိတ်မန္တကပြုခဲ့သူမှာ ယခင်သမ္မတ မဟိန္ဒရာ ရာ ဂျာပက်ဆေးဖြစ်သည်။ လူနည်းစုမျိုးနွယ်များ၏ ထောက်ခံမှုရရှိစေရေးအတွက် ရွေးကောက်ပွဲမတိုင်မီ ပုပ်ရဟန်းမင်းအား ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံရေးဆန်းစစ်သူများက ပြောကြားကြသည်။

ယုံကြည်

အစိုးရအဖွဲ့သစ်သည် နိုင်ငံတော်အတွင်း လူမျိုးရေးအရ တရားမျှတမှုရှိစေမည်ဟု မိမိယုံကြည်ကြောင်း ကိုလံဘိုမြို့တော်၏ မြို့တော်ဝန် မူဇမ်မီးလ်က ပြောကြားသည်။

ပီတီအိုင်။

သီရိလင်္ကာနိုင်ငံသို့ ရောက်ရှိလာသည့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်။

လူကုန်ကူးမှုနှင့် အဓမ္မစေခိုင်းမှု ထိုင်းအစိုးရ တိုက်ဖျက်မည်

ဗန်ကောက် ဇန်နဝါရီ ၁၃

ထိုင်းနိုင်ငံ၏ လူကုန်ကူးမှု တိုက်ဖျက်ရေးတိုးတက်မှုရှိကြောင်းပြသရန် အမေရိကန်ပြည်ထောင်စုက သတ်မှတ်သော နောက်ဆုံးအချိန်မတိုင်မီ ကြိုးပမ်းချက်အနေဖြင့် ငါးဖမ်းသင်္ဘောများပေါ်တွင် ဂျီပီအက်(စ်)တပ်ဆင်ရမည်ဟုလည်းကောင်း၊ ဒဏ်ငွေအမြောက်အမြား ပေးဆောင်စေရမည်ဟုလည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဝန်ထမ်း ၇၀၀ ခန့်ထားရန် ဘတ်ဂျက်ခွင့်ပြုပြီးဖြစ်သည်ဟုလည်းကောင်း ထိုင်းအာဏာပိုင်များက တနလင်္ဂနေ့တွင် ပြောသည်။

ထိုင်းနိုင်ငံသည် ကမ္ဘာ့အဆိုးရွားဆုံး လူကုန်ကူးသော နိုင်ငံများအနက်မှ တစ်နိုင်ငံဖြစ်ကြောင်း၊ အဓမ္မစေခိုင်းခြင်းခံရသော အလုပ်သမားများအား လက်လွှဲလက်ပြောင်းပြုလုပ်ရာနိုင်ငံလည်းဖြစ်ကြောင်း၊ ယင်းပြဿနာများကို တားဆီးရန် ထိရောက်သော ကြိုးစားအားထုတ်မှုမပြုလုပ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဝေဖန်ခဲ့သည်။

ထိုင်းနိုင်ငံ၌ လူကုန်ကူးခြင်းခံရသူများမှာ အိမ်နီးချင်းနိုင်ငံများမှ ဖြစ်ကြောင်း၊ ခြိမ်းခြောက်၍လည်းကောင်း၊ လိမ်လည်၍လည်းကောင်း အလုပ်သမားများအဖြစ် ခိုင်းစေကြောင်း၊ ထောင်ပေါင်းများစွာသော လူများကို အိမ်ကျွန်နှင့် ငါးဖမ်းသင်္ဘောကျွန်အဖြစ်လည်းကောင်း၊ လိင်ဖျော်ဖြေရေးလုပ်ငန်းတွင်လည်းကောင်း ခိုင်းစေ၍ ကုပ်သွေးစုပ်အမြတ်ထုတ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ပြောသည်။

ထိုင်းနိုင်ငံသည် ၂၀၁၄ ခုနှစ် အစီအရင်ခံစာကို နိုင်ငံခြားရေးဌာနသို့ မတ်လတွင် တင်ပြရမည်ဖြစ်သည်။

ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဒွန်ပရာမတ်ဝီနိုင်က ၂၀၁၄ ခုနှစ်တွင် လူကုန်ကူးသည့် အမှု ၁၃၀ ရှိခဲ့ကြောင်း၊ လူ ၁၄၀ ကို အရေးယူအပြစ်ပေးခဲ့ကြောင်း ထုတ်ဖော်ပြောဆိုပြီး ခေတ်သစ်ကျွန်ရောင်းဝယ်ခြင်းကို အမြစ်မှ စတင်ဖယ်ရှားရန် နည်းလမ်းများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

တရားမဝင်သော၊ မှတ်ပုံမတင်သော၊ သတင်းပေးပို့ခြင်းမပြုသော ငါးဖမ်းလုပ်ငန်းများကို တိုက်ဖျက်ရန်အတွက် ဇန်နဝါရီ ၉ ရက်တွင် အတည်ပြုခဲ့သည့် ဥပဒေအရ ဒဏ်ငွေဘတ်တစ်သန်း(ဒေါ်လာ ၉၁၀၀၀၀)ဒဏ်တပ်မည်ဖြစ်ကြောင်း တနလင်္ဂနေ့ သတင်းစာရှင်းလင်းပွဲတွင် ဒွန်က ပြောသည်။

ဥပဒေအရ ငါးဖမ်းသင်္ဘောကြီးများတွင် ဂျီပီအက်(စ်)စနစ် တပ်ဆင်ရမည်ဖြစ်ပြီး တပ်ဆင်ရန် ရက်ပေါင်း ၆၀ အချိန်ပေးထားကြောင်း၊ မလိုက်နာပါက ဘတ်တစ်သိန်း ဒဏ်ရိုက်၍ ထောင်တစ်နှစ်အပြစ်ပေးမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ ဆောင်ဆတ် ဆိုင်ခိုးဗှာက ပြောသည်။

စုံစမ်းစစ်ဆေးမှု တိုးတက်စေရေးအတွက် ဝန်ထမ်း ၇၀၀ ခန့်ရန် အမျိုးသား အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ အထူးဘတ်ဂျက်အဖြစ် ဘတ်သန်း ၃၀၀ (ဒေါ်လာ ကိုးသန်း)ကို အစိုးရအဖွဲ့က အတည်ပြုပေးကြောင်း ဆောင်ဆတ်ကပြောသည်။

၂၀၁၄ ခုနှစ်ကုန်တွင် ငါးဖမ်းသင်္ဘော အလုပ်သမား၏ အသက်ကို အနည်းဆုံး ၁၅ နှစ်မှ ၁၈ နှစ်သို့ အစိုးရက တိုးမြှင့်သတ်မှတ်ပေးကြောင်း၊ အလုပ်သမားတစ်ဦးသည် တစ်နေ့လျှင် ၁၀ နာရီ နားရမည်ဟုလည်းကောင်း၊ တစ်နှစ်လျှင် အနည်းဆုံး ခွင့်ရက် ၃၀ ခံစားရမည်ဟုလည်းကောင်း သတ်မှတ်ပေးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရိုက်တာ။

၁၉၅၉ ခုနှစ်က မြန်မာနိုင်ငံမှ ပထမဆုံး Miss Universe ပြိုင်ပွဲဝင်ခဲ့သူ

မြန်မာနိုင်ငံတွင် Miss Universe ဟုဆိုလျှင် အလှမယ် မိုးစက်ဝိုင်နှင့် သျှားထွင့်အိန္ဒြာတို့ကိုသာ သိကြပါလိမ့်မည်။ အမှန်တကယ်မှာ အလှမယ်မိုးစက်ဝိုင် စတင်ပြိုင်ပွဲဝင်ခဲ့သည့် ၂၀၁၃ ခုနှစ်တွင်မှ စတင်ခဲ့ခြင်းမဟုတ်ပါ။ မြန်မာပရိသတ်များကို Miss Universe ပြိုင်ပွဲနှင့် စတင်မိတ်ဆက်ပေးခဲ့သူမှာ Miss Universe 1959 ဒေါ်သန်းသန်းအေးဖြစ်သည်။ ယခုအခါ အမေရိကန်ပြည်ထောင်စုတွင် နေထိုင်လျက်ရှိပြီး သူမ၏အတွေ့အကြုံများကို ဆက်သွယ်မေးမြန်းခဲ့သည်-

မေး။ ။မင်္ဂလာပါအန်တီ။ အန်တီပြိုင်ပွဲဝင်ခဲ့တဲ့ အကြောင်း ပြောပြပေးပါဦး။

ဖြေ။ ။ အန်တီ ပြိုင်ပွဲဝင်ခဲ့တာကတော့ ၁၉၅၉ ခုနှစ် အမေရိကန်ပြည်ထောင်စုကာလီဖိုးနီးယားပြည်နယ် Long Beach မှာလုပ်တဲ့(၈)ကြိမ်မြောက် Miss Universe ပြိုင်ပွဲမှာပါ။ မြန်မာနိုင်ငံအနေနဲ့ ပထမဆုံးအကြိမ်ပါဝင်ခဲ့တာပေါ့။

မေး။ ။ပြိုင်ပွဲအတွေ့အကြုံကိုလည်း ပြောပြပေးပါ။

ဖြေ။ ။အန်တီက ပြိုင်ပွဲဝင်ဖို့ ရန်ကုန်ကနေ ကျပန်ကို လေယာဉ်နဲ့ အရင်သွားရတယ်။ကျပန်ကနေ အမေရိကန်ကို တိုက်ရိုက် ဆက်သွားရတယ်။ ဟိုရောက်တော့ အခုလို မြန်မာတွေလာကြိုတာမရှိဘူး။ အန်တီတစ်ယောက်တည်း သွားရတယ်။ တစ်ယောက်တည်းပဲပေါ့၊ အားပေးမယ့်သူ လည်း မရှိခဲ့ဘူး။ အခုလာပြိုင်တဲ့ ကလေးတွေကျတော့ ကံကောင်းပါတယ်။ မြန်မာတွေအများကြီး လာကြိုကြတယ်။

မေး။ ။၁၉၅၉ ခုနှစ်ပြိုင်ပွဲအကြောင်း ပြောပြပေးပါဦး။

ဖြေ။ ။၁၉၅၉ ခုနှစ် ဇူလိုင် ၂၄ ရက် အမေရိကန်မှာပြိုင်တော့ ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၃၄ နိုင်ငံပြိုင်ကြပါတယ်။ ပထမဆုံးဆန်ခါတင် ၁၅ ယောက်၊ ငါးယောက် အဆင့်ဆင့်ရွေးချယ်ပြီး ပြိုင်ရတာပေါ့။ သရဖူရတာက ကျပန်အလှမယ်ရသွားတယ်။ ပထမဆုံး စပြိုင်တဲ့နိုင်ငံတွေကအန်တီတို့ မြန်မာနိုင်ငံအပါအဝင်ခြောက်နိုင်ငံက ပထမဆုံးအနေနဲ့ ဝင်ပြိုင်တာပေါ့။ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့နဲ့ အခြားထင်ရှားတဲ့နေရာတွေကို သူတို့လိုက်ပို့ပေးကြပါတယ်။ အန်တီကပြန်လာတော့ ဥရောပနိုင်ငံတွေဘက်ကနေ လည်ပတ်ပြီး ပြန်ခဲ့တာပေါ့။

မေး။ ။အန်တီတို့ခေတ်နဲ့ ဒီဘက်ခေတ် ကွာခြားမှုကရော။

ဖြေ။ ။ဒီခေတ်ကလေးတွေကံကောင်းကြပါတယ်။ အန်တီလာပြိုင်တော့ ကြိုမယ့်သူ၊ အားပေးမယ့်သူမရှိဘူး။ ကိုယ်တစ်ယောက်တည်း။ သျှားထွင့်အိန္ဒြာကိုလာကြိုတဲ့နေ့က မြန်မာတွေအများကြီးလာကြိုကြတယ်။ အယောက်ငါးဆယ်လောက်ရှိတယ်။

မေး။ ။မြန်မာနိုင်ငံကို ပြန်ရောက်ဖြစ်သေးလား။

ဖြေ။ ။မြန်မာနိုင်ငံကနေ ထွက်လာတာက ၁၉စဝ မှာ အမေရိကန်ရောက်ပါတယ်။ မြန်မာနိုင်ငံကို သုံးခေါက်ပြန်ရောက်ပါတယ်။ အန်တီမြန်မာနိုင်ငံက ထွက်လာတာစောတော့ နောက်ပိုင်းလူတွေ သိပ်မသိကြတော့ဘူး။

မေး။ ။အခုလာပြိုင်တဲ့ သျှားထွင့်အိန္ဒြာကိုရော ဘာတွေမှာလိုက်သေးလဲ။

ဖြေ။ ။ပြိုင်တဲ့အခါ လမ်းလျှောက်တာ၊ စကားပြောတာ၊ ပေါင်းသင်းဆက်ဆံရေးကောင်းဖို့ Natural ဖြစ်ဖို့ မှာလိုက်ပါတယ်။ သူ့ရဲ့နေပုံထိုင်ပုံ၊ စကားပြောပုံလည်း တော်ပါတယ်။ သူပြိုင်ပွဲမှာအခြေအနေကောင်းမှာပါ။

မေး။ ။သျှားထွင့်အိန္ဒြာကိုအားပေးမယ့် ပရိသတ်တစ်ယောက်အနေနဲ့ ဘာများပြောလိုပါသလဲ။

ဖြေ။ ။နောက်ဆုံး ငါးယောက်မှာပါပြီးပထမသရဖူဆွတ်ခူးပါစေလို့အန်တီဆုတောင်းပေးပါတယ်။

ဒေါ်သန်းသန်းအေးသည် ၁၉၅၉ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် အမေရိကန်ပြည်ထောင်စုကာလီဖိုးနီးယားပြည်နယ် Long Beach တွင် ကျင်းပခဲ့သည့် (၈) ကြိမ်မြောက် Miss Universe ပြိုင်ပွဲ၌ မြန်မာနိုင်ငံကိုယ်စားပြုပထမဆုံးယှဉ်ပြိုင်ခဲ့သူဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ဂျပန်အလှမယ် Akiko Kojima က သရဖူဆွတ်ခူးခဲ့သည်။ လူမှုဆက်ဆံရေးအကောင်းဆုံးဆုကို ထိုင်းအလှမယ် SodsaiVanijvadhana က ရရှိခဲ့ပြီး ဓာတ်ပုံအစားဆုံး(photogenic)ဆုကို ဗြိတိန်အလှမယ် Pamela Anne Searle က ရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲကို နိုင်ငံပေါင်း ၃၄ နိုင်ငံမှ အလှမယ်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

(မောင်ဗလ)

(၁၂)နှစ်ကြာရိုက်ကူးခဲ့ရသော Boyhood ဇာတ်ကား ရွှေကမ္ဘာလုံးဆု ဆွတ်ခူး

ရွှေကမ္ဘာလုံးဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ရစ်ချက်လင့်စ်လာတာ၏ ၁၂ နှစ်ကြာ ရိုက်ကူးခဲ့ရသော Boyhood ဇာတ်ကားက အကောင်းဆုံးဇာတ်ကားဆုကို လည်းကောင်း၊လင့်စ်လာတာကိုယ်တိုင် အကောင်းဆုံးဒါရိုက်တာဆု၊ ပက်ထရီကာအော်ကွာတီက အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို လည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့သည်။ ထို့ကြောင့် ၂၀၁၅ ရွှေကမ္ဘာဆုံးဆု ချီးမြှင့်ပွဲအခမ်းအနားမှ ဆုများအားလုံးကို Boyhood ဇာတ်ကားမှ သိမ်းပိုက်ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ဗြိတိန်မင်းသား အက်ဒီရက်မေနီက "The Theory of Everything" ဇာတ်ကားတွင် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို လည်းကောင်း၊ ဗြိတိန်မင်းသမီးများဖြစ်ကြသော ဂျီအန်နီဖရော်ဂက်နှင့် ရုဝီလ်ဆန်က အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို လည်းကောင်း သိမ်းပိုက်ရယူနိုင်ခဲ့ပြီး ဖရော်ဂက်က "Downton Abbey" ရုပ်မြင်သံကြား ဇာတ်လမ်းတွဲတွင် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကိုလည်းကောင်း၊ ဝီလ်ဆင်က "The Affair" အမေရိကန်ရုပ်မြင်သံကြား ဒရာမာကားတွင် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကိုလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။ **(မေလှဲ့သင်း)**

စည်းစိမ်အကုန်ရင်းပြီး ရုပ်ရှင်ပြီးအောင်ရိုက်ခဲ့တဲ့ ပင်ဒီဇယ်

ကားမောင်းအက်ရှင် ဇာတ်ကားတစ်ကားဖြစ်တဲ့ Fast and Furious ဇာတ်ကားတွင် လူသိများခဲ့သော မင်းသားပင်ဒီဇယ်သည် သူ၏နောက်ထပ်အောင်မြင်သော ဇာတ်ကားတစ်ကားဖြစ်သည့် Riddick ကို ရိုက်ကူးရန်အတွက် သူ၏အိမ်ကို ပေါင်နှံခဲ့ရကြောင်း သိရသည်။

၂၀၁၃ ခုနှစ်က ရုံတင်ပြသခဲ့သည့် Riddick ကို စတင်ရိုက်ကူးချိန်တွင် ပရိုဂျူဆာနှင့် ဒါရိုက်တာတို့၌ ငွေအလုံအလောက်မရှိခဲ့သောကြောင့် ပင်ဒီဇယ်က သူ၏အိမ်ကိုအပေါင် အဖြစ်ထားပြီး ရရှိသောငွေကြေးအား ရုပ်ရှင်ဇာတ်ကားရိုက်ကူးရေးအတွက် ထုတ်ပေးခဲ့သည်။

ဇာတ်ကားသည် အောင်မြင်ခဲ့ပြီး ငွေလည်း များစွာရရှိခဲ့ကြောင်း၊ ထိုဇာတ်ကားကို ပြီးဆုံးအောင်မရိုက်နိုင်ခဲ့ပါက သူ့အနေနဲ့ အိမ်ခြေရာမဲ့ တစ်ဦးဖြစ်သွားမည် ဖြစ်ကြောင်း ပင်ဒီဇယ်က အင်တာဗျူးတစ်ခုတွင် ပြောခဲ့သည်။

ယနေ့ အောင်မြင်နေသူများကို ကြည့်လိုက်သည့်အခါတွင် စွန့်စားရဲသောစိတ်ဓာတ်ရှိသူများဖြစ် ကြောင်းတွေ့ရသည်။ ထို့ကြောင့် အောင်မြင်ယုံကြည်ချက်ရှိပြီး ရဲရဲဝံ့ဝံ့ စွန့်စားသူများသည် လိုရာပန်းတိုင်သို့ ရောက်စမြဲဖြစ်ကြောင်း ပင်ဒီဇယ်၏ စွန့်စားမှုကိုကြည့်ပြီး သိနိုင်သည်။

(ခင်ခင်သက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ပင်မဆောင်ဘက်ခြမ်းရှိ မီလ္လာပိုက်များ၊ မီလ္လာကန်များနှင့် ရေစီးမြောင်းများ ပြုပြင်ရန် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့် တင်ဒါ ခေါ်ယူအပ်ပါသည်။

အိတ်ဖွင့်တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၄-၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် - ၂၈-၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)
၁၆း၀၀ နာရီ

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

စီးရီးအေ ရင်ခုန်သံ – ၁၉

အီတလီစီးရီးအေပွဲစဉ် ၁၉ ကို ဇန်နဝါရီ ၁၇၊ ၁၈၊ ၁၉ နေ့တွေမှာ ကျင်းပသွားမှာဖြစ်ပြီး အဲဒီပွဲစဉ်မှာ လာဇီယိုနဲ့ နာပိုလီဆုံတွေ့တဲ့ပွဲပါဝင်နေသလို အင်တာမီလန်၊ ရိုးမား၊ ဖီယိုရင်တီးနားတို့လို အသင်းကောင်းအများစုကလည်း အဝေးကွင်းပွဲတွေကစားကြရမှာဖြစ်လို့ စိတ်ဝင်စားဖို့ကောင်းနေတယ်။

အမ်ပိုလီ – အင်တာမီလန် ည ၁၁းခွဲ၀ (၁၇–၁–၁၅)

ဇန်နဝါရီမှာ ရှာကွိရီ၊ ပိုဒေါစကီးတို့ကိုခေါ်ပြီး အပြောင်းအလဲပြုလုပ်ထားတဲ့ အင်တာအနေနဲ့ နိုင်ပွဲရဖို့ ကြိုးစားမှာသေချာတယ်။ အမ်ပိုလီကတော့ ရလဒ်တွေညံ့နေပေမယ့် သရေပွဲများပြီး အရှုံးပွဲနည်းပါးမှုအရ အမှတ်ရအောင်ကစားတတ်တာမြင်သာတယ်။ အင်တာ အခက်တွေ့နိုင်ပြီး ကပ်ပြီးသာနိုင်ခြေရှိတယ်။

ပါလာမို – ရိုးမား နံနက် ၂း၁၅ (၁၈–၁–၁၅)

ပါလာမိုရဲ့အခုနောက်ပိုင်းကစားပုံမဆိုးဘူး။ အိမ်ကွင်းနောက်ဆုံး သုံးပွဲဆက်နိုင်ခဲ့ပြီး တိုက်စစ်ကလည်း ဂိုးသွင်းခြေရှိတယ်။ စုစုပေါင်း အိမ်ကွင်းတစ်ပွဲသာရှုံးထားတဲ့ အခြေအနေအရ ရိုးမားကို အခက်တွေ့စေနိုင်မယ့် အခြေအနေမှာရှိတယ်။ ရိုးမားနိုင်ပွဲရမယ်ဆိုရင်တောင် ပြတ်သားဖို့ခက်မယ်။

အေစီမီလန် – အတ္တလန္တာ ည ၈း၃၀ (၁၈–၁–၁၅)

အတ္တလန္တာက အဝေးကွင်းမှာ သိသိသာသာအားနည်းတတ်တယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက အဝေးကွင်းမှာဆိုရင် စိတ်မချရဘဲ အဝေးကွင်းကိုးပွဲမှာ လေးဂိုးသာသွင်းထားနိုင်တယ်။ အေစီမီလန်ကတော့ ခြေသာမန်သာရှိတယ်ဆိုပေမယ့် အမှတ်လိုနေသလို အိမ်ကွင်းလည်းဖြစ်လို့ အမှားခံမှာ မဟုတ်ဘူး။ အေစီမီလန်နိုင်ပွဲပြန်ရမှာပါ။

ဂျူဗင်တပ်–ဗီရိုနာ နံနက် ၂း၁၅ (၁၉–၁–၁၅)

အဝေးကွင်းနောက်ဆုံးနှစ်ပွဲမှာ အူဒီးနီးစ်ကိုနိုင်ပြီး အမ်ပိုလီကိုသရေကစားထားနိုင်ခဲ့ပေမယ့် ဗီရိုနာဟာ ဂျူဗင်တပ်ရဲ့အိမ်ကွင်းအားကိုတော့ အန်တုနိုင်ဖို့ခက်မယ်။ အထူးသဖြင့် တန်းဆင်းဇုန်အသင်းတွေရဲ့ အထက်အသင်းတွေ အနက် ပေးဂိုးအများဆုံးဖြစ်နေတဲ့ ဗီရိုနာခံစစ်က အားနည်းနေတာကြောင့် ဂျူဗင်တပ်အနိုင်သေချာတယ်။

(ရွှင်းမင်းမင်း)

၂၀၁၄ ခုနှစ် Ballon d'Or ဆု စီရိုနယ်ဒို ဆွတ်ခူး

ဇန်နဝါရီ ၁၂ ရက်က ဇူးရစ်မြို့တွင် ကျင်းပသော ကမ္ဘာ့အကောင်းဆုံးဘောလုံးဆု ချီးမြှင့်ပွဲ အခမ်းအနားတွင် ပေါ်တူဂီနိုင်ငံသား ခရစ္စတီယာနိုရိုနယ်ဒို့က ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားဘောလုံးသမားဆု ဖြစ်သည့် Ballon d'Or ဆုကို နှစ်နှစ်ဆက်တိုက် ရရှိခဲ့သည်။ အသက် (၂၉)နှစ်အရွယ်ရှိ ရီးယဲလ်ကြယ်ပွင့်ကစားသမားက ဘာစီလိုနာနှင့် အာဂျင်တီးနားတိုက်စစ်မျှး လီယွန်နယ်မက်ဆီ သည့် ဘိုင်ယန်မြူးနစ်နှင့် ဂျာမနီဂိုးသမား မန်နျူရယ်နျူအာတို့ကို ကျော်ဖြတ်ပြီး ရရှိခဲ့ခြင်းဖြစ်သည်။ ရိုနယ်ဒို့သည် ဒုတိယနေရာမှ မက်ဆီထက် မဲအရေအတွက် နှစ်ဆကျော်ရရှိကာ ရာခိုင်နှုန်းအားဖြင့် ၃၇ ဒသမ ၆၆ ရရှိခဲ့ပြီး မက်ဆီက ၁၅ ဒသမ ၇၆ ရာခိုင်နှုန်း၊ နျူအာက ၁၅ ဒသမ ၇ ရာခိုင်နှုန်း အသီးသီးရရှိခဲ့ကြသည်။ ရိုနယ်ဒို့သည် ၂၀၁၄ ခုနှစ်အတွင်း ကလပ်အသင်းနှင့် နိုင်ငံအသင်းအတွက် စုစုပေါင်း ၆၁ ဂိုး သွင်းယူပေးခဲ့ကာ ရီးယဲလ်မက်ဒရစ်၏ ချန်ပီယံလီဂ်ဖလားနှင့် ဘုရင့်ဖလားအပါအဝင် ကမ္ဘာ့ကလပ် ချန်ပီယံဆုရရှိရာတွင်လည်း အဓိကနေရာမှ ခြေစွမ်းပြခဲ့သူဖြစ်သည်။

ရိုနယ်ဒို့က "ကျွန်တော့်အနေနဲ့ ၂၀၁၄ ခုနှစ်ဟာ ဘယ်တော့မှမမေ့လို့မရမယ့် နှစ်တစ်နှစ်ပဲဖြစ်ပါတယ်။ ကလပ်အသင်းနဲ့ ချန်ပီယံဖလားပေါင်းမြောက်မြားစွာ ရရှိခဲ့သလို အခုလို ဆုချီးမြှင့်ခံရတဲ့ အပေါ်မှာလည်း တကယ့်ကို ဂုဏ်ယူမိပါတယ်။ ရှေ့လျှောက် ဒီထက်မက ဆုဖလားတွေအများကြီး ရယူပြီး အမြဲတမ်းအကောင်းဆုံးဘောလုံးသမား တွေထဲက တစ်ဦးဖြစ်လိုပါတယ်"ဟု ကျေးဇူးတင်စကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ကမ္ဘာ့အကောင်းဆုံးအမျိုးသမီးဘောလုံးသမားဆုကို ဂျာမနီလက်ရွေးစင်အသင်းမှ နာဒင်းကတ်စ်လာက လည်းကောင်း အလှပဆုံးသွင်းဂိုးဆုကို ကိုလံဘီယာတိုက်စစ်မျှး ဂျိမ်းစ်ရိုဒရီဂွက်ဇ်က လည်းကောင်း၊ အကောင်းဆုံး အမျိုးသား နည်းပြဆုကို ဂျာမနီလက်ရွေးစင်အသင်းနည်းပြ ဂျိုအာချင်လိုက လည်းကောင်း၊ အကောင်းဆုံး အမျိုးသမီးနည်းပြဆုကို ဝုဖ်ဘတ်(အမျိုးသမီး) ကလပ်အသင်းနည်းပြ ဂျာမနီနိုင်ငံသား ရာ့ဖ်ကီလာမန်းက လည်းကောင်း အသီးသီးရရှိ ခဲ့ကြသည်။

ထို့နောက် ၂၀၁၄ ခုနှစ် အကောင်းဆုံးအသင်းအဖြစ် ဂိုး-နျူအာ(ဂျာမနီ)၊ နောက်တန်း-ဒေးဗစ်လုဇ်(ဘရာဇီ)၊ ဖိလစ်လမ်း(ဂျာမနီ)၊ ရာမို့စ်(စပိန်)၊ သီယာဂိုဆေးလ်ဗား (ဘရာဇီ)၊ အလယ်တန်း - ဒီမာရီယာ (အာဂျင်တီးနား)၊ အင်နီယေစတာ (စပိန်)၊ တိုနီခရူး(ဂျာမနီ)၊ ရှေ့တန်း-စီရိုနယ်ဒို(ပေါ်တူဂီ)၊ မက်ဆီ (အာဂျင်တီးနား)နှင့် ရော်ဘင် (နယ်သာလန်)တို့ ဖြစ်ကြသည်။ **(မေလှဲ့သင်း)**

အနုပညာရှင်များအသင်း ရန်ပုံငွေဘောလုံးပွဲကစားမည်

မြင်းမြီ၊ ဇန်နဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မြို့နယ်အားကစားကွင်းတွင် မြန်မာနိုင်ငံ ရုပ်ရှင်၊ ဂီတ ၊ သဘင် အစည်းအရုံးမှ သရုပ်ဆောင်၊ အဆိုတော်များ ပါဝင်သော အနုပညာရှင်များအသင်းနှင့် မြင်းခြံမြို့နယ် လက်ရွေးစင်(ဟောင်း)များအသင်းတို့သည် ဇန်နဝါရီ ၁၇ ရက် ညနေ ၃ နာရီတွင် ရန်ပုံငွေဘောလုံးပွဲကစားကြမည်ဖြစ်ကြောင်းသိရသည် ။

ဘောလုံးပွဲမကစားမီ အနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေဧည့်ခံသွားမည်ဖြစ်ပြီး ဘောလုံးပွဲမှ ရရှိလာသော အကျိုးရလဒ် ရန်ပုံငွေများကို လူမှုအကျိုးပြုလုပ်ငန်းများတွင် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

စော်မင်းနိုင်(မြင်းမြီ)

အခြေခံစစ်တုရင် သင်တန်းနှင့်ပြိုင်ပွဲများကျင်းပ

ပွင့်ဖြူ၊ ဇန်နဝါရီ ၁၃

ပွင့်ဖြူမြို့နယ် အင်ဒေါင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် စစ်တုရင်ဝါသနာရှင်များအား ဖိတ်ခေါ်၍ စစ်တုရင်ပြိုင်ပွဲများကို ဇန်နဝါရီ ၁၀ ရက်က စတင်ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ပွင့်ဖြူမြို့နယ်၊ မကွေးမြို့နယ်၊ စလင်း(ဆင်ဖြူကျွန်း) မြို့နယ်တို့မှ စစ်တုရင်ဝါသနာရှင်များ လာရောက်ယှဉ်ပြိုင်ကစားကြပြီး အင်ဒေါင်းကျေးရွာ အလက(ခွဲ)ကျောင်းရှိ ပဉ္စမတန်းမှ သတ္တမတန်းထိ စစ်တုရင်ဝါသနာပါသည့် ကျောင်းသား ကျောင်းသူ ၃၃ ဦးတို့အား မကွေးတိုင်းဒေသကြီး စစ်တုရင်နည်းပြ ဦးဝင်းမြင့်က မြန်မာ့ရိုးရာ စစ်တုရင်၊ အပြည်ပြည်ဆိုင်ရာ စစ်တုရင်နှင့် အာဆီယံစစ်တုရင်ကစားနည်းများကို အခြေခံအဆင့် သင်ကြားပို့ချပေးခဲ့ပြီး ပါဝင်ယှဉ်ပြိုင်ကြသော ဝါသနာရှင်အဆင့် စစ်တုရင်ကစားသမားများအား ကျောင်းအုပ်ဆရာကြီး ဦးဝင်းလှိုင်က ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ကာ လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(နေသွေး)

ဆာနိုဂိုအား ခရစ္စတယ်ပဲလေ့အသင်းသို့ အဘားချမည်

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် တိုက်စစ်မျှးယာယာဆာနိုဂိုအား ပရီမီယာလိဂ်တွင် အတွေ့အကြုံများရရှိရန် လန်ဒန်တောင်ပိုင်းကလပ်အသင်းတစ်ခုဖြစ်သည့် ခရစ္စတယ်ပဲလေ့အသင်းနှင့် ဆွေးနွေးခဲ့ပြီးနောက် ယင်းအသင်းသို့ အဘားချသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မျှး ဆာနိုဂိုသည် ခရစ္စတယ်ပဲလေ့အသင်းနှင့် ဆွေးနွေးရန် ဇန်နဝါရီ ၁၂ ရက်က ခရစ္စတယ်ပဲလေ့အသင်း၏ လေ့ကျင့်ရေးကွင်းသို့ ရောက်ရှိခဲ့ပြီး ယခုနှစ်ဘောလုံးရာသီကုန်သည်အထိ ခရစ္စတယ်ပဲလေ့အသင်းတွင် အဘားသွားရောက်ကစားမည်ဖြစ်ကြောင်းသိရသည်။

ဆာနိုဂိုသည် အာဆင်နယ်အသင်းနှင့်အတူ ၁၉ ပွဲကစားပေးခဲ့ရာ၌ တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ယခုကဲ့သို့ အဘားသွားရောက်ကစားစေခြင်းဖြင့် တန်ဖိုးရှိသည့်အတွေ့အကြုံကောင်းများရရှိကာ ပြင်သစ်လက်ရွေးစင်အသင်း၏ အကောင်းဆုံးကစားသမားတစ်ဦးဖြစ်လာရန် နည်းပြ အာစင်ဝင်းဂါးက မျှော်လင့်ထားကြောင်း သိရသည်။

ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်ကြသည့် ဟားစီးတီးအသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့က တိုက်စစ်မျှး ဆာနိုဂိုအား ခေါ်ယူရန်စိတ်ဝင်စားနေသော်လည်း ခရစ္စတယ်ပဲလေ့အသင်းသို့သာ အဘားချရန် စီစဉ်ခဲ့ကြောင်း သိရသည်။

(နိုင်လင်းကြည်)

NEW MOTION Travels & Tours
New Motion
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ဇွန်လျှားသစ်လွင် ခရီးစဉ်

★ ပုဂံ	~	Feb; 11,27	★ အလောင်းတော်ကသပ	~	Jan; 29 , Feb; 11,27
★ မန္တလေး	~	Feb; 11,27	★ ရွှေလီ	~	Feb; 27
★ တောင်ကြီး	~	Feb; 11,27	★ မော်လမြိုင်	~	Feb; 13,28
★ ငွေဆောင်	~	Feb; 13,28	★ ရွှေစက်တော်	~	Feb; 12,27

အမှတ်-16၊ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph ; 09 4925 2911 , 09 4925 2922 , 09 731 48922 , 527 922 , 538 811

Vacancy Announcement –UNDP HR/2014
Title: Programme Analyst (DRR) Grade: NO-B Duty Station: Yangon
Responsibilities: Ensures effective integration of Disaster Risk Reduction component in support to Country Programme. Supervises and monitors implementation of the CD Disaster Risk Reduction component and related projects. Ensures coordination with other units and stakeholders. Ensures quality management services and facilitates Knowledge Building and Management.
Qualifications and experience: Master degree in DRR, Environment and Climate Change related field of expertise, including engineering, public administration, social development and natural resources management and related fields, with at least 3 years of experience in the sector, including rural/community development initiatives. In addition, the incumbent should have excellent command of MS office suite applications (Word, Excel, Access, and Power Point) and have experience on networking and strengthening capacity of CBOs/COOs and proven ability to lead a team and to plan and organize work productively with the team.
Deadline: 28 January 2015 To apply online: https://jobs.undp.org/cj_view_job.cfm?cur_job_id=67942
UNDP

ရွှေနဂါး
ကျွန်ုပ်ထံမရှိတော့ - 35000
ရေချင်းသာ (အရွယ်) - 50000
ကားပျက်ခြင်းမရှိပဲ ရောက်ရှိနိုင်ပါသည်။
09967_201881.09-7261900

B.L.T Travels
ခရီးသွားလုပ်ငန်း

ရှားပြောက်

COHABO
ရေချင်းသာ/ရေတွေဆောင်
စက်တပ်ဖြင့်။ - 70000
ကားပျက်ခြင်းမရှိပဲ ရောက်ရှိနိုင်ပါသည်။
09 836 1773, 09 731 61773

POST
Tel: 09420129333
ကားပျက်ခြင်းနှင့် / JOB

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ မင်းဘူးခရိုင်နှင့် ဂန့်ဂေါခရိုင်တို့ဆက်သွယ်သည့် ပဒါန်း-ငဖဲ-စေတုတ္တရာ-ဗူးဝ-လောင်းရှည်-သီးကုန်း-ဆောလမ်းတွင် လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃)မှ တာဝန်ယူဆောင်ရွက်မည့် လမ်းလုပ်ငန်းနှင့်တံတားငယ်များ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သော လမ်းခင်းကျောက်(အရွယ်စုံ)အား တိုင်းရင်းသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ (Open Tender)စနစ်ဖြင့် ဝယ်ယူဆောင်ရွက်ရန်ရှိပါသည်။
၂။ လမ်းခင်းကျောက်အရွယ်စုံပေးသွင်းလိုသော တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် (Open Tender)တင်ဒါပုံစံများကို ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းအထူးအဖွဲ့(၃) မင်းဘူးမြို့တွင် ၁၅-၁-၂၀၁၅ရက်(ကြာသပတေးနေ့) မှ ၂၃-၁-၂၀၁၅ရက်(သောကြာနေ့)အထိ နံနက်အတွင်း ဝယ်ယူတင်သွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။
လျှောက်လွှာရောင်းချမည့်ရက် - ၁၅-၁-၂၀၁၅(ကြာသပတေးနေ့)
လျှောက်လွှာပြိတ်မည့်ရက် - ၂၃-၁-၂၀၁၅(သောကြာနေ့)
အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၅-၁-၂၀၁၅(တနင်္ဂနွေနေ့)နံနက် ၁၀း၀၀နာရီ
အိတ်ဖွင့်တင်ဒါဖွင့်မည့်နေရာ - မင်းဘူးမြို့နယ်
အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန
(အစည်းအဝေးခန်းမ)
လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃)၊ မင်းဘူးမြို့။
ဖုန်း ၀၉-၆၅၆၁၀၉၄၊ ၀၉-၄၀၁၅၅၃၄၇

ထိုင်းနိုင်ငံသို့ပို့ရန် တာချီလိတ်ရွှေတိုဝုံရင်ပြင်၌ ကလေးခိုးယူသွားသူအား ပူးပေါင်းဖမ်းဆီး

တာချီလိတ်၊ ဇန်နဝါရီ ၁၃

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့၊ တပ်စိတ်(၁)ရုံးတာချီလိတ်သို့ ရန်အောင်မြေရပ်ကွက်နေ ဦးကြည်ဝင်းမောင်က ဦးဖြိုးဇော်ဟိန်း၏ သားဖြစ်သူ ကောင်းမြတ်ဟိန်းအသက် (၂) နှစ်အား အမျိုးသားတစ်ဦးက ခိုးယူသွားသဖြင့် ကူညီစုံစမ်းရှာဖွေပေးရန် ဇန်နဝါရီ ၁၂ ရက် ညနေ ၄ နာရီက အကူအညီ တောင်းခံလာခဲ့ရာ ပျောက်ဆုံးသွားသော ကလေးငယ်ဓာတ်ပုံနှင့် ကလေးငယ်နှင့်ပတ်သက်သည့် အချက်အလက်များကို မယ်ယန်းပူးပေါင်းဂိတ် တာဝန်ကျ ရဲအုပ်မင်းအောင်နှင့်အဖွဲ့အား ပေးပို့ကာ ရဲတပ်ဖွဲ့ဝင်များ၊ ရွှေတိုဝုံရင်ပြင်မှ ဓာတ်ပုံဆရာများနှင့် တက္ကစီအဖွဲ့တို့ဖြင့် တာချီလိတ်မြို့တွင်း ဖြန့်ခွဲရှာဖွေခဲ့သည်။

မယ်ခေါင်ရပ်ကွက်ရှိ သဲဆိပ်မှ တစ်ဆင့် ထိုင်းနိုင်ငံ မယ်ဆိုင် ဘက်ကမ်းသို့ ကူးသန်းသွားကြောင်း သတင်းရရှိသဖြင့် မယ်ဆိုင် BCATIP အဖွဲ့ဝင်များ၊ မယ်ဆိုင်ရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းရှာဖွေစဉ် မယ်ဆိုင်မြို့ ဝိယာဖောင်းရပ်ကွက်၊ မုန်တိုင်း တံတားအနီးတွင် အလုပ်လုပ်နေသော မြန်မာနိုင်ငံသား အလုပ်သမားများက ယင်းကလေးငယ်ကို ခိုးယူခေါ်ဆောင်သွားသူ စောဝေဖြိုးအောင်အား ဝိုင်းဝန်း ဖမ်းဆီးရမိခဲ့ပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့သို့ ခေါ်ဆောင်စစ်ဆေးခဲ့သည်။

ဇင်းသည် မွန်းလွဲ ၁ နာရီက တာချီလိတ်ရွှေတိုဝုံဘုရား၌ အမှတ်တရ ဓာတ်ပုံရိုက်နေစဉ် ဘုရားရင်ပြင်ပေါ်၌ ပြေးဆော့ကစားနေသော အသက်နှစ်နှစ် ခန့်အရွယ် ကလေးငယ်တစ်ဦးကို မြင်တွေ့ခဲ့သဖြင့် ချော့မော့ခေါ်ဆောင် ခိုးယူခဲ့ပြီး ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့ သွားရောက်ရန် ဘုရားအောက်ရှိ တက္ကစီဆိုင်ကယ်ဖြင့် မဟာဟိုခမ်းရပ်ကွက်ရှိ သဲဆိပ်ရေဆိပ်သို့ သွားရောက်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့၍ အရွယ်မရောက်သေးသော ကလေးသူငယ်အား ခိုးယူခေါ်ဆောင်သွားသူ စောဝေဖြိုးအောင် (၃၄) နှစ်၊ ရုံးကြီးကွက်သစ်၊ (၂)လမ်း၊ ဘားအံမြို့နေသူအား တာချီလိတ်မြို့မရဲစခန်းက (ပ)၁၄/၂၀၁၅ လကက ၂၄ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

မော်ကြီး(တြိုဂံနယ်မြေ)

ရေးမြို့နယ်တွင် မီးကြောင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့

ရေး၊ ဇန်နဝါရီ ၁၃

ရေးမြို့ သီရိနန္ဒာရပ်ကွက် အဏ္ဏဝါရပ် တနင်္သာရီလမ်းမကြီးရှိ ဦးထင်ကျော်၏ နေအိမ် မီးဖိုမီးကြောင်းမီးကျန်မှမီးစတင်လောင်ကျွမ်းမှု ဇန်နဝါရီ ၁၂ရက် ည ၁၁ နာရီ မိနစ် ၂၀က ဖြစ်ပွားခဲ့ကြောင်းသိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲမှူး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၀ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ဦးနှင့် ရဝ်ကွက်နေပြည်သူများက မီးသတ်ယာဉ်ခြောက်စီး၊ ပုဂ္ဂလိကရေသယ်ယာဉ်နှစ်စီး၊ အပေါ့စားရေစုပ်စက်နှစ်လုံးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၁ နာရီ မိနစ် ၅၀ တွင် မီးညွှန့်ကျိုးပြီး ည ၁၂နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်းသိရသည်။

မီးလောင်မှုတွင် ပေ၁၅၀ × ပေ ၅၀အရွယ် စားသောက်ဆိုင်အဆောက်အအုံပေါင်းတစ်လုံး၊ သွပ်မိုး အုပ်ညှပ်ပျဉ်ခင်းနှစ်ထပ်လူနေအိမ်တစ်လုံး၊ အဖြူရောင်ကားတစ်စီးမီးလောင်ကျွမ်းခံရရသဖြင့် မီးပေါ့ဆသူ အိမ်ရှင်ဦးထင်ကျော်အား ရေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထွန်ထွန် (ရေး)

ငွေအတုများဖြင့် ဈေးဝယ်သူ ထိုင်းနိုင်ငံသားအား ဖမ်းဆီးရမိ

တာချီလိတ်၊ ဇန်နဝါရီ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့တွင် ဇန်နဝါရီ ၁၂ ရက်က တာလော့ဈေးအတွင်း ထိုင်းနိုင်ငံသားတစ်ဦးသည် ထိုင်းဘတ်ငွေအတုများဖြင့် ဈေးဝယ်နေကြောင်း ဈေးသူ ဈေးသားများ၏ သတင်းပို့ချက်အရ စခန်းမှူး ဒုတိယရဲမှူးကျော်သန်းနှင့် အဖွဲ့က သွားရောက်ရှာဖွေရာ ထွက်ပြေးသွားသော ထိုင်းနိုင်ငံသား Mr.Audomsak အား တာလော့ ဈေးသူ ဈေးသားများ၊ ရွှေတာချီဆိုင်ကယ်တက္ကစီအဖွဲ့တို့နှင့် ပူးပေါင်းဖမ်းဆီးပြီး ရဲစခန်းသို့ ခေါ်ယူ စစ်ဆေးရာ ထိုင်းနိုင်ငံသား လွယ်ထားသော မိန်းမကိုင် လွယ်ကြိုးပါ အနက်ရောင်လက်ကိုင်အိတ်အတွင်းမှ အတုဟုယူဆရသော ထိုင်းဘတ်ငွေ တစ်ထောင်တန် ၁၈ ရွက်နှင့် တစ်ရာတန် ၁၆ ရွက်တို့အား ရှာဖွေတွေ့ရှိသဖြင့် သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ထိုင်းဘတ်ငွေ အတုများကို လက်ဝယ်ထားသုံးစွဲသူ Mr.Audomsak (၂၅) နှစ် ရပ်ကွက် (၁၀) ချင်းမိုင်လမ်း ချင်းရိုင်မြို့ ထိုင်းနိုင်ငံနေသူအား တာချီလိတ်မြို့မရဲစခန်းက (ပ)၁၃/၂၀၁၅၊ ပြစ်မှုပုဒ်မ ၄၈၉ (ခ)(၇) အရ အရေးယူထားပြီး ဒုရဲအုပ်အောင်ကျော်စိန်က စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မော်ကြီး(တြိုဂံနယ်မြေ)

လျှစ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

မြောက်ဥက္ကလာတွင် စိတ်ကြွရူးသွပ် ဆေးပြားများ သိမ်းဆည်းရမိ

ရန်ကုန်၊ ဇန်နဝါရီ ၁၃

မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်း(၄)ရပ်ကွက် မြစန္ဒီကန်ရှေ့၌ ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၉ ရက်ည ၁၂ နာရီခန့်က မင်္ဂလာဒုံဘက်မှမြောက်ဥက္ကလာခြောက်ကွေ့ဘက်သို့ အောင်သူရိန်ထွန်း(ခ)အားလီ (၃၈) နှစ် ရွှေပြည်သာမြို့နယ်နေသူမောင်းနှင်လာသော CZI- 125ဆိုင်ကယ် အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ၎င်းဝတ်ဆင်ထားသည့် အင်္ကျီအတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၆၀ (အလေးချိန် ခြောက်ဂရမ်)၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ၊ ငွေကျပ် ၅၆၀၃၀၀ တို့အား ရှာဖွေတွေ့ရှိ၍ ဝေဘာဂီ ရဲစခန်းသို့ ပို့အပ်ခဲ့သည်။

အောင်သူရိန်ထွန်း (ခ)အားလီအား ဝေဘာဂီရဲစခန်းက မူးယစ်ဆေးဝါးဥပဒေပုဒ်မ-၁၅/၁၉/က(၂၀)ကဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(၀၃၅)

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ (၁)ငါးပုစွန်မြို့၊ (၂)ငါးရှဉ့်မြို့၊ (၃)ကဏန်းမြို့များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါတင်သွင်းမည့် မြို့ပုံစံ၊ ဈေးနှုန်း၊ အရေအတွက်များ၊ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းမျဉ်းစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ထောက်ပံ့ဖြည့်တင်းရေးဌာနစု
ရုံးအမှတ်(၃၆)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၈၅၁၁၀၆၇-၄၀၈၄၇၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
(တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပုံစံ(၁၀)မျိုး ရိုက်နှိပ်ရန် ၁၃-၁-၂၀၁၅ ရက်မှစ၍ ၂၀-၁-၂၀၁၅ ရက်အထိ ရိုက်နှိပ်မည့် လုပ်ငန်းသုံးပုံစံများ၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ်(၄၈) နေပြည်တော်တွင် တစ်စောင်လျှင် ငွေကျပ်-၁၀၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ၂၂-၁-၂၀၁၅ရက် (၁၂)နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ တယ်လီဖုန်းအမှတ်(၀၆၇-၄၃၁၀၂)သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
ဆဌမအကြိမ် B.E/B.Arch နှင့် B.Tech ဘွဲ့အတွက်
ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၏ ဆဌမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

အကြိုလေ့ကျင့်ခြင်း	- ၁၆-၂-၂၀၁၅(တနင်္လာ)	နံနက်ပိုင်း နံနက် ၉း၀၀နာရီ ညနေပိုင်း ၆နာရီလွန်း ၂း၀၀နာရီ
ဘွဲ့နှင်းသဘင်ကျင်းပခြင်း	- ၁၇-၂-၂၀၁၅(အင်္ဂါ)	နံနက်ပိုင်း နံနက် ၉း၀၀နာရီ ညနေပိုင်း ၆နာရီလွန်း ၂း၀၀နာရီ
	- ၁၈-၂-၂၀၁၅(ဗုဒ္ဓဟူး)	နံနက်ပိုင်း နံနက် ၉း၀၀နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရဆေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်-

-၂၀၁၄ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.E/B.Arch နှင့် B.Tech စာမေးပွဲ အောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်။

(က) တက်ရောက်ဘွဲ့ -B.E/B.Arch နှင့် B.Tech ဘွဲ့အတွက် ၁၅၀၀/-(ကျပ်တစ်ထောင့်ငါးရာတိတိ) လျှောက်လွှာနှင့်အတူ ပေးသွင်းရန်။

(ခ) အဝေးရောက်ဘွဲ့ - B.E/B.Arch နှင့် B.Tech ဘွဲ့အတွက် ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ) လျှောက်လွှာနှင့်အတူ ပေးသွင်းရန်။

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်)အနောက်တိုင်းဝတ်စုံပြည့်(အမျိုးသား)ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ် ဓာတ်ပုံ ၅ပုံ(ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်အမှတ် ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်။

၅။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ(မြန်မာထဘီနှင့်အင်္ကျီ)၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့် ကိုက်ညီသည့် တိုင်းရင်းသားဝတ်စုံ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်ရှိ ကျောင်းသားရေးရာဌာနခွဲ ၅-၁-၂၀၁၅ရက်မှစ၍ ဝယ်ယူ၍ပြည့်စုံစွာဖြည့်စွက်ပြီး ၁၆-၁-၂၀၁၅ရက် (သောကြာနေ့) နောက်ဆုံးထားလျှောက်ထားရမည်။

၇။ ဘွဲ့နှင်းသဘင်တက်ရောက်ယူမည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

မှတ်ချက်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ကျောင်းသားရေးရာဌာန (ဖုန်း ၀၉-၂၅၀၀၇၃၉၉၆)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အမိန့်အရ-

(ဒေါက်တာဝင်းနိုင်ထွန်း)
မော်ကွန်းထိန်း၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်

အားကစားဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး
နေပြည်တော်
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁) နေပြည်တော်တွင် အသုံးပြုမည့် Video Conferencing System ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	- Polycom HDX 7000 Video Conferencing System - HDX 7000-720:HDX 7000 codcc, EagleEye HD camera & 3m cable, HD Video (720p 30fps) - HDX mic array,P+C, PPCIP, 2nd monitor, Engrmt, Premier, One Year, HDX 7000 series - Cable:2 component video(DVI-RCA), LAN,UK pwr, PAL - HD Multi-party Conferencing up to 4 Participants(1 Local and 3 remote sites) - HDX MPPlus Multipoint Software Option License, Allows for 4 Site MP Video calls.	(၁)စုံ
၂။	- Sony 48" LED TV Resolution 1920 x 1080 UA48H5100(2014 Version) - Video Conferencing Unit+Camera+TV Stand - External TV Stand	(၂)လုံး (၁)ခု (၁)ခု
၃။	- APC Smart-USP SUA 1500i, 230 with AVR Linc-interactive(For Camera and LED TV)	(၁)လုံး
၄။	- Network Installation (for Video Conferencing System)	

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၁-၂၀၁၅ရက်မှ ၂၁-၁-၂၀၁၅ရက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၃၁) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၆-၁-၂၀၁၅ရက် ၁ း၃၀နာရီအတွင်း အိတ်ဖွင့်တင်ဒါ ဖွင့်ဖောက်ကြေညာခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၀၆၀၃၄၊ ၀၆၇-၄၀၆၀၃၆ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အားကစားဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး
ရုံးအမှတ်(၃၁)၊ နေပြည်တော်

ပြည်တွင်းရေးရာ

မဲခေါင်မြစ်ဝှမ်းနိုင်ငံများ၏ ဝန်ကြီးများအဆင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၁/၂၀၁၅) အစည်းအဝေး ဗန်ကောက်မြို့တွင် ပြုလုပ်မည်

ရန်ကုန်၊ ဇန်နဝါရီ ၁၃

မဲခေါင်မြစ်ဝှမ်းအတွင်းရှိ ဝန်ကြီးများအဆင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အစီအစဉ် (Coordinate Mekong Minister Against Trafficking COMMIT) ၏ ၁/၂၀၁၅ အစည်းအဝေးကို ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ ထိုင်းနိုင်ငံဗန်ကောက်မြို့တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအစည်းအဝေးသို့ မဲခေါင်မြစ်ဝှမ်းဒေသ နိုင်ငံများဖြစ်သည့် ကမ္ဘောဒီယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့မှ လူကုန်ကူးမှုဆိုင်ရာ လုပ်ငန်းခေါင်းဆောင်များ တက်ရောက်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်ထွန်းပြည်ထောင်စုရှေ့နေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းလင်းနှင့် UN-ACT (UN Action for Cooperation Against Trafficking) မြန်မာမှ စီမံချက်ညှိနှိုင်းရေးမှူး ဒေါ်အေးအေးမာကျော်တို့ တက်ရောက်မည်ဖြစ်သည်။

မဲခေါင်မြစ်ဝှမ်းအတွင်းရှိ (COMMIT) ၏ အထက်ပါအစီအစဉ်ကို ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး၍ မဲခေါင်မြစ်ဝှမ်းဒေသခြောက်နိုင်ငံက တရားဝင်ဆောင်ရွက်ခဲ့သည်။ ၂၀၀၅ ခုနှစ် မတ်လတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင်ကျင်းပသည့် တတိယအကြိမ်မြောက် အစည်းအဝေးတွင် ဒေသခွဲအတွင်း လုပ်ငန်းစီမံချက် (Sub-Regional Plan of Action-SAP-III) ကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ပထမအကြိမ် SPA-I ကို ၂၀၀၅ မှ ၂၀၀၇ အထိလည်းကောင်း၊ ဒုတိယအကြိမ် SPA-II ကို ၂၀၀၈ မှ ၂၀၁၀ အထိလည်းကောင်း၊ တတိယအကြိမ် SPA-III ကို ၂၀၁၁ မှ ၂၀၁၃ အထိ လည်းကောင်း UNIA ၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ စတုတ္ထအကြိမ် SPA-IV ကို ၂၀၁၄ မှ ၂၀၁၈ အထိ UNIAP ၏ နောက်ဆက်တွဲစီမံကိန်းဖြစ်သည့် လူကုန်ကူးမှုတိုက်ဖျက်ရေး ကုလသမဂ္ဂစီမံချက်အရ UN-ACT အကူအညီဖြင့် သိရသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိနိုင်ငံများ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ (COMMIT Task Force) အစည်းအဝေးတွင် ဒေသခွဲအတွင်း လုပ်ငန်းစီမံချက်အဆင့် 4 Sub-Regional Plan of Action-4 (SPA-IV) ၏ ကနဦးမူကြမ်းပါ မူဝါဒ၊ ကြိုတင်ကာကွယ်ရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ တရားစွဲဆိုရေး၊ စောင့်ကြည့်စစ်ဆေးနှင့် အကဲဖြတ်ရေး ကဏ္ဍများအပေါ် ကိုယ်စားလှယ်များ အပြန်အလှန် အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

ယင်း ဆွေးနွေးချက်များကို သက်ဆိုင်ရာနိုင်ငံမှအစိုးရအဖွဲ့၏ သဘောတူညီချက်၊ ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်များပြုလုပ်ပြီး ထိုင်းနိုင်ငံဗန်ကောက်မြို့တွင် ယခုကျင်းပမည့် အစည်းအဝေး၌ မူကြမ်းကိုအချောသတ်ရန် ဆွေးနွေးကြမည်ဖြစ်သည်။

ယင်းအစည်းအဝေးမှရရှိလာမည့် အချောသပ်မူကြမ်းကို ဧပြီလတွင် ကမ္ဘောဒီးယားနိုင်ငံတွင်ကျင်းပမည့် လေးကြိမ်မြောက် မဲခေါင်ဒေသအတွင်း ခြောက်နိုင်ငံ ဝန်ကြီးအဆင့်အစည်းအဝေး COMMIT Process (၁၀)နှစ်မြောက် အခမ်းအနားနှင့် အဆင့်မြင့် အရာရှိများ အစည်းအဝေးတွင် အတည်ပြုကြမည်ဖြစ်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ ထုတ်ပြန်သည့် သတင်းများအရ သိရသည်။

သန့်စင်ဝင်း

ပြန်/ဆက် ရုံးလုပ်ငန်းစီမံခန့်ခွဲမှု သင်တန်း (၁/၂၀၁၅) ဖွင့်လှစ်

မကွေး၊ ဇန်နဝါရီ ၁၃

ဝန်ထမ်းများ အရည်အချင်းမြင့်မားလာစေရန်နှင့် ရုံးလုပ်ငန်းများအား ပိုမိုလျင်မြန်သွက်လက်စွာ ဆောင်ရွက်တတ်ကြစေရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီးပြီး ရုံးလုပ်ငန်းစီမံခန့်ခွဲမှု သင်တန်း (၁/၂၀၁၅) ဖွင့်ပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီက မကွေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံး စာကြည့်တိုက်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြော ကြားခဲ့သည်။

ယင်းသင်တန်းတွင် နိုင်ငံတော်တွင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ဝန်ကြီးဌာန၏ မူဝါဒနှင့် ဆောင်ရွက်ချက်များ၊ ဝန်ထမ်းစည်းမျဉ်းများ၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဝန်ကြီးဌာန၏ ဥပဒေ၊ နည်းဥပဒေများ၊ စီမံကိန်းရေးဆွဲခြင်းဆိုင်ရာများ၊ လူထုဟောပြောနည်းများစသည့် သင်ခန်းစာများပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ ဇန်နဝါရီ၁၁ ရက်မှ ၁၇ ရက်ထိ ခုနစ်ရက်ကြာဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ရုံးလုပ်ငန်းစီမံခန့်ခွဲမှုသင်တန်း (၁/၂၀၁၅)သို့ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးများ၊ အကြီးတန်းစာရေးများ၊ ရုပ်သံကျွမ်းကျင် (၃) များ၊ အင၊်တန်းစာရေးများ စုစုပေါင်းသင်တန်းသား ၄၈ ဦး တက်ရောက်ခဲ့သည်။

ခင်မာလာ(မကွေး)

ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက်ရှိ အမှိုက်များအား စုပေါင်းသန့်ရှင်းရေးလုပ်

ကသာ၊ ဇန်နဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်း၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးစိန်ထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် စည်ပင်သာယာရေးကော်မတီမှ ဦးတင်ဌေးတို့ ဦးဆောင်၍ ဇန်နဝါရီ ၁၀ ရက် နံနက် ၇ နာရီတွင် မြစ်ကမ်းဘေးတစ်လျှောက်ရှိ အမှိုက်များအား သန့်ရှင်းရေးလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးကို ကသာမြို့နယ်ရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘပြည်သူများ စုပေါင်းလုပ်အားပေးခဲ့ကြပြီး မြစ်ကမ်းဘေးရှိအမှိုက်များအား ရှင်းလင်းခဲ့ကြသည်။

ကသာမြို့ ဧရာဝတီမြစ်ကမ်းကို သာယာလှပသောမြစ်ကမ်းဖြစ်လာစေရန် ပြည်သူတိုင်းဝိုင်းဝန်းကူညီပေးကြလျှင် သာယာလှပသောမြို့အင်္ဂါရပ်နှင့် ညီလာမည်ဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ယင်းနောက် လုပ်အားပေးကြသော ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘပြည်သူများအား တာဝန်ရှိသူများက အာဟာရဒါနဖြင့် ကျေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

ရဲကို(ပြန်/ဆက်)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယံန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၀မုန်ရိပ် မြေကွက်အမှတ် ၁၅၈၊ မြေကွက်တည်နေရာ အမှတ်-၁၅၈၊ ၉လမ်း၊ ၀မုန်ရိပ်ရပ်ကွက်၊ သယံန်းကျွန်း၊ ဒေါ်ဌေးဌေးနွဲ့[၁၂/သယက(နိုင်)၀၄၉၁၃၇] အမည်ပေါက် နှစ်(၆၀)ရန်မြေအား မူလအမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသည် ဦးစိမ်မောင်+ ၅ ဦးတို့ကို တရားပြိုင်ထား၍ ဒေါ်မြင့်မြင့်သိန်းမှ သယံန်းကျွန်းမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်(၇၂/၁၃) ၏ စီရင်ချက်နှင့်ဇာစီမှုအမှတ်(၁၃/၁၄)၏အမိန့် ၂၅-၉-၂၀၁၄ ရက်စွဲပါ ဘီလစ်ခန့်စာတို့ကိုတင်ပြပြီး တရားရုံးနှင့် တရားပြိုင်တို့(ကိုယ်စား) တရားရုံး(ဘီလစ်) ဒေါ်နိုင်နိုင်အောင်[၁၂/ကခက(နိုင်)၀၀၁၅၀၁] မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ)၊ မြေကွက်အမှတ် ၃/၄၊ မြေကွက်တည်နေရာ-၃/၄၊ ကာယ ၇လမ်း၊ သယံန်းကျွန်းကြီးကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်ရှိမြေကွက်အား ငယ်စာရင်း အမည်ပေါက် ဦးသန်းထွန်း[၈/ခမန(နိုင်)၁၁၂၇၃]ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်စန်းစန်းအေး[၉/မခန(နိုင်)၀၃၀၃၄၂]က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ထောက်ခံချက်တို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(၈ရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၁၂-၂၀၁၄ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၀)တွင်ပါရှိသော ကန့်ကွက်နိုင်ကြောင်းကြော်ငြာ မြောက်ဥက္ကလာပမြို့နယ် GPဦးရဲသူဟန်၏ မြေပုံကူးတွင် ၁၉၉၉ ခုနှစ် အရောင်းမြေပုံကူး ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ဟု ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅/ဝေဘာဂီ)၊ မြေကွက်အမှတ်(၁၆၈)၊ မြေကွက်တည်နေရာအမှတ်(၁၆၈)၊ ပိတောက်လမ်း၊ ဦးတင့်လွင်[၁၂/ဗဟန(နိုင်)၀၅၅၂၇၀] အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင့်လွင်ကိုယ်တိုင်က ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ပါမစ်မပြည့်စုံသဖြင့် ခိုင်လုံသောအထောက်အထားဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ








ဆောင်းပါး

လူငယ်များအရေး ထိရောက်စွာဆောင်ရွက်ပေး

à OD&Qarmu@yfid?

စာရေးသူသည် စာရေးသူ၏ လုပ်သက်တစ်လျှောက်လုံး တက္ကသိုလ်ဆရာဘဝမှစ၍ အုပ်ချုပ်သူ၊ တက္ကသိုလ်ကျောင်းသားဆောင် အဆောင်မှူး၊ ဒီဂရီကောလိပ်ကျောင်းအုပ်ကြီး၊ ထိုမှတစ်ဆင့် တက္ကသိုလ်ပါမောက္ခချုပ် အလုပ်များကို တာဝန်ထမ်းဆောင်ခဲ့ရသဖြင့် ကျောင်းသားလူငယ်များ၏ ရှေ့ရေးကို ရှေးရှု၍ ဥယျာဉ်မှူးတစ်ယောက်လို မြေတောင်မြှောက်ပေးရန် စိတ်ဝင်စားပါသည်။ လူငယ်များရှေ့ရေးကို မြှော်တွေးလျက် ဘက်စုံမှ အရည်အသွေးမြင့်တင်ရေးကို ဆောင်ရွက်ပေးခဲ့ပါသည်။

စာရေးသူသည် တက္ကသိုလ်ကျောင်းဆရာဘဝမှစပြီး ဆက်ဆံခဲ့ရသောလူငယ်များမှာ တက္ကသိုလ်ကျောင်းသား ကျောင်းသူများဖြစ်သဖြင့် စာသင်ချိန်တွင် ဘာသာရပ်ကို သင်ကြား ပို့ချပေးခြင်း၊ သုတေသနကိစ္စများ ပြုလုပ်ပေးရုံသာမက အခြားဗလင်းတန်ဖွံ့ဖြိုးရေးများကိုပါ မိမိတတ်စွမ်းသလောက် ပြုစုပျိုးထောင်ပေးခဲ့ပါသည်။

ယနေ့ခေတ်သည် ပွင့်လင်းသောခေတ်ရောက်ပြီဖြစ်၍ လူငယ်များပြုစုပျိုးထောင်ရေးကို ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိပါသည်။ ကျွန်တော်တို့နိုင်ငံတွင် လူငယ်လူရွယ် ၁၆ သန်းခန့်ရှိပါသည်။ မြန်မာတစ်နိုင်ငံလုံးလူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်ဖြစ်ပါသည်။ နောက်ပိုင်းတွင် ၎င်းထက်တိုးကျသော စာရင်းထွက်လာမည်ဖြစ်ပါသည်။ အကြောင်းမူ မွေးဖွားစာရင်းမှစ၍ တိုးကျမှုနှုန်းကနဦးရှိရေးကို ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဦးစီးဌာနများက ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။ လူငယ်အရွယ်မှစပြီး ပွင့်လင်းစွာ ပြောဆိုတင်ပြခွင့် အလေ့အကျင့်ရစေရေး လေ့ကျင့်ပေးနေသည်ကို တွေ့ရသည်။ လူငယ်မှစပြီး တဖြည်းဖြည်းအရွယ်ရောက်လာသည့်အခါတွင်လည်း ထိုပွင့်လင်းလွတ်လပ်စွာ ပြောဆိုဆက်ဆံတတ်ရေးနှင့် ပြောဆိုခွင့်ရရေးကို အခွင့်အရေးပေးရမည်ဖြစ်သည်။

အဖွဲ့အစည်းအသီးသီးသည် လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးနေကြသည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း အခြေခံပညာရေးမှစပြီး တက္ကသိုလ်မှဘွဲ့ရသည်အထိ လူငယ်များကို ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။ ဘွဲ့ရပြီးလူငယ်လူရွယ်များကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ကော်မတီများ၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုစသည့်အဖွဲ့အစည်းများမှ ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။ လွတ်လပ်စွာဆွေးနွေးတင်ပြနိုင်သည့် ခေါင်းစဉ်အမျိုးမျိုးနှင့် ဖိုရမ် (Forum) များကိုလည်း ကျင်းပပေးနေသည်ကို တွေ့ရပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအချို့တွင် Education Foundation များဖွဲ့ပြီး လူငယ်များ အရည်အသွေးမြင့်တင်ရန် ဆောင်ရွက် ပေးလျက်ရှိသည်ကို တွေ့ရှိရပါသည်။ စာကြည့်တိုက်များကိုလည်း ကျေးရွာအဆင့်ထိ ဖွင့်လှစ်ပေးပြီး သတင်းစာများကိုလည်း ကျေးရွာအထိရောက်ရှိရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

> **လူငယ်များကို ထိရောက်စွာပြုစုပျိုးထောင်ပေးပါက နိုင်ငံတော်အနာဂတ်အတွက် ထူးချွန်ထက်မြက်သော သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်လာမည်မှာ ဧကန်မုချမလွဲ . . .**

စာရေးသူ ယခုဆောင်းပါးရေးရခြင်း၏ ရည်ရွယ်ချက်မှာ လူငယ်များကို ထိရောက်စွာ ပြုစုပျိုးထောင်ပေးပါက နိုင်ငံတော်အနာဂတ်အတွက် ထူးချွန်ထက်မြက်သော သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်လာမည်မှာ ဧကန်မုချမလွဲပါ။ စာရေးသူဖြတ်သန်းလာခဲ့ရသော အတွေ့အကြုံများအရ တင်ပြခြင်းဖြစ်ပါသည်။ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးသည် မိမိတို့လုပ်ဆောင်နေသည့် လုပ်ငန်းများ စီမံကိန်းများ မည်မျှအောင်မြင်မည်ကိုလည်း သုံးသပ်ကြရန်လိုအပ်ကြောင်း တင်ပြလိုပါသည်။ စာရေးသူသည် လူငယ်များနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့သမျှ အောင်မြင်မှုအတိုင်းအတာသည် စာရေးသူကျောင်းသားဘဝနှင့် တော်လှန်ရေးကောင်စီမတက်မီက ဆောင်ရွက်ချက်များကို သီးခြားရေးသားပါမည်။

ယခုဆောင်းပါးတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ် စာရေးသူဝန်ထမ်းဘဝဆောင်ရွက်ခဲ့သည်များကို သုံးသပ်ပြောပြသွားမည်ဖြစ်ပါသည်။ ထိုခေတ်ထိုအခါတွင် ယနေ့ခေတ်လောက် ပွင့်လင်းမြင်သာမှုမရှိသေး၍ နိုင်ငံတော်မှ ဖွဲ့စည်းခွင့်ပြုထားသော အသင်းအဖွဲ့အစည်းများအနေဖြင့် ဘောင်အတွင်းမှသာ လုပ်ဆောင်ခဲ့ရပါသည်။ လူငယ်များ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သည့်အသင်းအဖွဲ့များ၊ အ-သုံးလုံးသင်တန်းများ၊ လူရည်ချွန်စီမံကိန်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ စသည်တို့ဖြစ်သည်။ စာရေးသူသည် အဆောင်မှူးအဖြစ်ဆောင်ရွက်စဉ် လွတ်လပ်သင့်သလောက် လွတ်လပ်ပါသည်။ မိမိအဆောင်ကျောင်းသားများကို ကောင်းမွန်စွာထိန်းသိမ်းနိုင်ပါက တာဝန်ကျေသည်ဟုသတ်မှတ်ပြီး လွတ်လွတ်လပ်လပ်လုပ်ဆောင်ခဲ့ပါသည်။

၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၀ ရက် ကမ္ဘာ့လူဦးရေနေ့ (World Population Day) တွင် လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) သည် လူငယ်အရေး အလေးပေးကာ ရင်းနှီးမြှုပ်နှံဆောင်ရွက်ပါ (Investing in Young People) ဆောင်ပုဒ်ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ယခု ၂၀၁၄ ခုနှစ် ကုန်ဆုံးပြီဖြစ်ပါသည်။ တစ်နှစ်အတွင်းဆောင်ရွက်ခဲ့သမျှ အောင်မြင်မှုများကို သုံးသပ်၍ရသော အဖွဲ့အစည်းများလည်း သုံးသပ်သင့်ပါသည်။ အချို့အဖွဲ့အစည်းများလည်း မိမိတို့ဆောင်ရွက်ခဲ့သမျှ သုံးသပ်တင်ပြကြသည်ကို တွေ့ရပါသည်။

၂၀၁၄ ခုနှစ် ဇူလိုင် ၁၄ ရက် 'လူငယ်အရေး အလေးပေးကာ ရင်းနှီးမြှုပ်နှံဆောင်ရွက်ပါ' ဆောင်ပုဒ်မထွက်မီကပင် စာရေးသူသည် ၂၀၁၄ ခုနှစ် ဇူလိုင် ၂၀ ရက် ရန်ကုန်မြို့စိန်ရတုခန်းမတွင် ပညာရေးဝန်ကြီးဌာနမှပြုလုပ်သော ပညာရေးမြှင့်တင်မှုအတွက် ဆောင်ရွက်နေကြသော လုပ်ငန်းအဖွဲ့များမှ ပညာရေးဝန်ထမ်းများအား လူငယ်အရေး အလေးထားဆောင်ရွက်ရန် တင်သွင်းပြောကြားခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ပါက နိုင်ငံတော်အတွက် အားကိုးရသော လူငယ်များဖြစ်လာပုံကို နမူနာပြု၍ ဟောပြောခဲ့ပါသည်။ စာရေးသူသည် ၁၉၈၇ ခုနှစ် (၂၄) ကြိမ်မြောက် လူရည်ချွန်စခန်း စခန်းမျူးအဖြစ် ဆောင်ရွက်ခဲ့စဉ်က တွေ့ကြုံရသောအတွေ့အကြုံကို စံနမူနာအဖြစ် ဟောပြောခဲ့ပါသည်။

၁၉၈၆-၁၉၈၇ ခုနှစ် ရန်ကုန်မြို့တွင် (၂၄) ကြိမ်မြောက် စုပေါင်းစခန်း၌ လူရည်ချွန်များ အားလုံး တွေ့ဆုံသည့်အခါ "လူရည်ချွန်များ ဘယ်ရောက်နေကြပြီလဲ" ခေါင်းစဉ်ဖြင့် စာရေးသူ ဟောပြောခဲ့ဖူးပါသည်။ လူရည်ချွန်စခန်းများ စတင်ခဲ့သည်မှာ အနှစ် ၂၀ ကျော်ပြီဖြစ်ပါသည်။ ထို့ကြောင့် လူရည်ချွန်များသည် ကြီးမားသည့်တာဝန်ကို ထမ်းဆောင်နေလောက်ပြီဖြစ်သည်။ သို့သော် စာရေးသူမှာ လူရည်ချွန်များ မည်သည့်နေရာ၊ မည်သည့်တာဝန်များထမ်းဆောင်နေကြသည်ကို သိလိုသည့် စာရေးသူ၏ခံစားချက်များအားပြောပြခဲ့ပါသည်။ စာရေးသူ ၁၉၉၄-၁၉၉၅ ခုနှစ်တွင် မန္တလေးပညာရေးတက္ကသိုလ်တွင် ပါမောက္ခချုပ်တာဝန်ထမ်းဆောင်နေစဉ် စာရေးသူထံ စာအုပ်ငယ်တစ်အုပ်နှင့် စာတစ်စောင် ရောက်လာပါသည်။ ၎င်းတို့ရေးသားသောစာမှာ "ကျွန်တော်များ သုံးကြိမ်အထက် လူရည်ချွန်များဖြစ်ပြီး ၁၉۷၆-၁၉۷۷ ခု ပညာသင်နှစ် ရန်ကုန်စုပေါင်းစခန်းတွင် ဆရာကြီးဟောပြောခဲ့သော "လူရည်ချွန်များဘယ်ရောက်ကုန်ပြီလဲ" ဆိုသောမိန့်ခွန်းကို ခေါင်းထဲစွဲနေသဖြင့် ကျွန်တော်တို့ ရန်ကုန်ပညာရေးတက္ကသိုလ်စားသောက်ဆိုင် (BEd Canteen) တွင် အစည်းအဝေးထိုင်ပါသည်။ ၎င်းအစည်းအဝေးမှ ကျွန်တော်တို့လက်လှမ်းမီသမျှ သုံးကြိမ်အထက်လူရည်ချွန်များ၏ စာရင်းဇယားကို တာဝန်ခွဲယူပြီး ပြုစုပါသည်။ ၎င်းပြုစု၍ရသောစာအုပ်အား ဆရာကြီးထံ လေးစားစွာ ပေးပို့ပါသည်"ဟု ရေးထားပါသည်။ ၆ နှစ် ၇ နှစ်ကြာမှထွက်လာသော စာအုပ်ဖြစ်သဖြင့် ၎င်းတို့နှင့်တစ်နှစ်ထဲ လူရည်ချွန်များပင် ဆရာဝန်၊ အင်ဂျင်နီယာ၊ တက္ကသိုလ်ဆရာ စသည်ဖြင့် တာဝန်ထမ်းဆောင်နေကြသည်ကို ဤစာအုပ်တွင် တွေ့ရပါသည်။ ထိုသို့ဆောင်ရွက်ပြခြင်းမှာ လူကြီးပြောသည့်စကားကို သေချာမှတ်သားနာယူလေ့ရှိခြင်း၊ စာရင်းဇယားပြုလုပ်နိုင်ခြင်း၊ သုတေသနပြုလုပ်နိုင်ခြင်းများကို သက်သေပြလိုက်ခြင်းဖြစ်ပါသည်။ သေချာလေ့ကျင့်ပြုစုပျိုးထောင်ထားပါက တိုင်းပြည်အတွက် အားကိုးရပြီး သင့်တော်သောနေရာများတွင် အသုံးချနိုင်သော သက်သေတစ်ခုဖြစ်ပါသည်။

စာရေးသူသည် ၁၉۷၅ ခုနှစ်မှ ၁၉۷၀ အထိလည်းကောင်း၊ ၁၉۷၅-၁၉۷۶ ခုနှစ်ထိလည်းကောင်း အဆောင်မှူးတာဝန်ထမ်းဆောင်စဉ်က ကျောင်းသားများဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းကို လေ့ကျင့်ပျိုးထောင်ပေးခဲ့ပါသည်။ အဆောင်တွင် အားကစားပြိုင်ပွဲမျိုးစုံကျင်းပပေးခြင်း၊ နံရံကပ်စာစောင် အပတ်စဉ်ထုတ်ပေးခြင်း၊ ကျောင်းသားလူငယ်များ ခေါင်းစဉ်ကောင်းကောင်းပေးပြီး စကားရည်လူပွဲများ ကျင်းပပေးခြင်း၊ ကျပန်းစကားပြောပြိုင်ပွဲများပြုလုပ်ပေးခြင်း၊ အဆောင်ပတ်ဝန်းကျင် မြေလွတ်တွင် စားသုံးသီးနှံများကို စိုက်ပျိုးခြင်း၊ ဂီတဝါသနာပါသူများအတွက် ဂီတဆည်းဆာပွဲများပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ ကျောင်းသားလူငယ်များအား ကျောင်းစာသာမက ဗလင်းတန်ဖွံ့ဖြိုးရေးအတွက်ပါ လေ့ကျင့်ပျိုးထောင်ပေးခဲ့သဖြင့် ထိုလူငယ်များသည် ယနေ့ခေတ်တွင် နိုင်ငံတော်အတွက် အကျိုးပြုလုပ်ငန်းများကို ကျရာအခန်းကဏ္ဍတွင် တာဝန်ထမ်းဆောင်လျက်ရှိနေကြသည်ကို တွေ့ရပါသည်။ ထိုစဉ်က စာရေးသူ၏တက္ကသိုလ်အဆောင်မှ ကျောင်းသားများထဲမှ ယခုအခါ ဌာနဆိုင်ရာဝန်ကြီး၊ ဒုဝန်ကြီးအဆင့်တာဝန်များ၊ တိုင်းအဆင့် အကြီးအကဲတာဝန်များ၊ ပါမောက္ခချုပ်၊ ညွှန်ကြားရေးမှူးချုပ် စသည့်တာဝန်များကို ထမ်းဆောင်နေကြသည်သာမက လူမှုရေး၊ နိုင်ငံရေးအဖွဲ့အစည်းများတွင်လည်း ကဏ္ဍအသီးသီး၊ အလွှာအသီးသီး မိမိတို့စိတ်ဝင်စားရာ ပါတီအသီးသီးမှနေပြီး ပြည်သူများ ကိုယ်စား တိုင်းပြည်အတွက်အကျိုးပြုသော လွတ်တော်ကိုယ်စားလှယ်များအဖြစ် ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရသဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

ထို့ကြောင့် လူငယ်များအနာဂတ်အရေးကို ရှေးရှုပြီး ပြုစုပျိုးထောင်ပေးပါက နိုင်ငံတော်အတွက် အားကိုးရသော လူငယ်များဖြစ်လာကြမည်မှာ အမှန်ဖြစ်ပါသည်။ လူငယ်များ၏ အကျိုး မိမိတို့ဆောင်ရွက်ခဲ့သမျှ အောင်မြင်မှုများ၏ အားနည်းချက်၊ အားသာချက်များကို သုံးသပ်၍ ဆက်လက်ဆောင်ရွက်နိုင်ကြပါစေလို့ တိုက်တွန်းအားပေး ရေးသားလိုက်ရပါသည်။

(၂၆-၁၂-၂၀၁၄) ပြန်လည်ရောက်ရှိ ခရီးသည်များမှ ခင်နန္တာ သို့ ပို့သယဉ်ကား မှတ်တမ်းများ

- ပြန်ကြည့်ရသောကြောင့် မမျှော်မှန်း လိုအပ်သော နီးကပ်ဆော်ကြမ်းပါသည်။ ထမ်းဆောင်သူ (မ/ဥက္ကဋ္ဌလေး ထူး-ဗဟုသုတရှာ)
- ကောင်းကျိုးရှိရာဆန္ဒတစ်လုံးတည်းနဲ့ ခင်နန္တာကို အဖွဲ့ အရေးဆယ်များက မှာကို သင်ရဲ့မမျှော်ကြိုင်ပါဖေသော်။ ထမ်းမြင့်ပြင် (မရမ်းကုန်း ထူး-၃၁ ကုန်ကုန်ထူ)
- ခင်နန္တာကုန်ကားကို ဆောင်ရေးအဖွဲ့သည် စီမံခန့်ခွဲမှု ကောင်းမွန်ပါသည်။ ဦးတင်ဝေန်း (ရန်ကုန်ကို ထူး-၄ ဘဘဘုသုတ)
- ခင်နန္တာအဖွဲ့နှင့် ဝန်ဆောင်မှုပေးသော ဒေသခံရပ်ရိုင်းလူငယ်များ အထူးကောင်းမွန်ပါသည်။ ဦးတွန်ညို (တာမွေ ထူး-ဘုတပ်ဝဏ္ဍ)
- မောင်တင်ဆောင်ထွေး နှင့်အဖွဲ့အား ကျေးဇူး အထူးတင်ပါသည်။ မန်နီလွင် (တာမွေ ထူး-၇၃ ကုန်ကုန်)
- မောင်တင်ဆောင်ထွေ နှင့်တကွ အဖွဲ့ဘဏ္ဍာအားလုံး ရန်ကုန်ရောမရှိဆောင် အထူးကောင်းမွန်ပြီး တော်ကြာပါသည်။ ထေမြင့်ပြင်ကြည် (တောင်ဒဂုံ ထူး-၄၉၃ ကုန်ကုန်)
- နယ်ရပ်ဒေသများမှ ဆက်သွယ်မှုလွယ်ကူခြင်း ၊ အထူးအားပြုနေကြရမည်ဖြစ်ပြီး ဆောင်ပေးခြင်း ၊ ကုမ္ပဏီနေရာမိပ်ရှိ အမှတ်ပြုနှင့်ပြန်ခြင်းတို့ကို အထူးကျေးဇူးတင်ပါသည်။ ဦးထက်သိန်းထွန်း (ရန်ကုန်ဦး ထူး-ကုန်ကုန်ကျော်)
- ဝန်ဆောင်မှုအထူးကောင်းသည်။ ထမ်းဆောင်သူ (တာမွေ ထူး-၄ ဘဘဘုတရ)
- အဖွဲ့နယ်ပိုင်းဆောင် စီမံခန့်ခွဲမှုတော်ပါသည်။ အဖွဲ့ဝင်များ အားလုံး ဝန်ဆောင်မှုကောင်းပါသည်။ ထေမြင့်ပြင် (ရန်ကုန်ကို ထူး-ကုန်ကုန်ကျော်)
- အား၊ လို၊ အဆင်ပြေရာ ဆောင်ရွက်ပေးသည်ဖြင့် မောင်တင်ဆောင်ထွေ၊ အား ကျေးဇူးတင်ပါသည်။ ထေသန်း (မ/ဥက္ကဋ္ဌလေး ထူး-ကုန်ကုန်ကျော်)
- Good Leader , Good Service , Good Travel. ထေမြင့်ပြင်သန်း (ရန်ကင်း ထူး-ကုန်ကုန်ကုန်)
- ကျေနပ်ပါသည်။ ဆောင်ပြောကျော် (ကွေးတော ထူး-၄ ကုန်ကုန်)
- အထူးတမ်းမြောက်ပါကြောင်းနှင့် ကျေးဇူးတင်ပါကြောင်း။ ဦးမောင်ကျော်မင်း (ကျောက်တော် ထူး-ကုန်ကုန်ကုန်)
- ထိုအမ်းများကို ပြည့်စုံအောင် ဆောင်ရွက်ပေးမှု ကျေးဇူးတင်ပါသည်။ ဦးဆောင်သန်း (မ/ဥက္ကဋ္ဌလေး ထူး-ကုန်ကုန်ကုန်)
- ကျေးဇူးအထူးတင်ပါသည်။ မန်နီလွင် (တာမွေ ထူး-၇၃ ကုန်ကုန်)
- အားလုံးကို အထူး(အထူး) ကျေနပ်ပါတယ်။ ကျေးဇူးသည်။ တင်ပါတယ်။ ထေလှလှ (တာမွေ ထူး-၄ ဘဘဘုမေဝ)

ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၁၂-၂၀၁၄ ရက်ကြေးမုံသတင်းစာ၏ စာမျက်နှာ ကြော်ငြာ(၉) ကန့်ကွက်ကြော်ငြာ စမ်းချောင်းမြို့နယ် GP. ဒေါ်အေးအေးသန်း၏ ပိုင်ဆိုင်မြေပုံကူးတွင် စမ်းချောင်းမြို့နယ်အစား မြောက်ဥက္ကလာပမြို့နယ်ဟု ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)(အီး) မြေကွက်ကြီးအမှတ် ၆၃-၂(ဘီ) မြေကွက်တည်နေရာအမှတ်(၈၇)၊ (၁၆၄)လမ်း၊ တာမွေကြီး (ခ)ရပ်ကွက် ဦးလှရွှေ [၁၂/တမန(နိုင်)တဝ၁၅၄] အမည်ပေါက် နှစ်(၉၀) ဂရန်မြေအား အမည်ပေါက် ဦးလှရွှေနှင့်ဇနီး ဒေါ်အရာတို့ ကွယ်လွန်သဖြင့် (၁)ဦးအိမ်ခွဲ၀[၁၂/တမန(နိုင်)၀၅၁၆၀၀]၊ (၂)ဦးရာရှင်[၁၂/တမန(နိုင်)၀၅၁၆၄၈]၊ (၃) ဒေါ်ယဉ်ယဉ်လှ[၁၂/တမန(နိုင်)၀၈၅၀၀၄]၊ (၄)ဦးမြင့်ထွန်း[၁၂/တမန(နိုင်)၀၅၄၀၃၂]၊ (၅)ဒေါ်ယဉ်ယဉ်နု[၁၂/တမန(နိုင်)၀ဂ၃၆၀]၊ (၆) ဦးမောင်မောင်ထွေး[၁၂/တမန(နိုင်)၀၇၆[၉၉၉]၊ (၇) ဦးမြင့်ထွေး[၉/မရမ(နိုင်)၀၆၂၆၂]၊ (၈)ဒေါ်ယဉ်ယဉ်ရွှေ[၁၂/တမန(နိုင်)၀၇၃၁၄၃]၊ (၉) ဦးမြင့်အေး[၁၂/တမန(နိုင်)၀၂၃၀၂]တို့က သားသမီးများ တော်စပ်ကြောင်း ကတိသစ္စာပြုလွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ဦးလုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြိုပြစ်မံကိန်းနှင့်ရေဖြစ်မံနှင့်ခွဲပေးဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းရေးရာ

တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအတွက် ဘာသာရပ်ဆိုင်ရာဟောပြောပွဲများ ကျင်းပ

မော်လမြိုင်၊ ဇန်နဝါရီ ၁၃

မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၏ စီစဉ်မှုဖြင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် စိတ်ဓာတ်မြှင့်တင်ရေးနှင့် ဘာသာရပ်ဆိုင်ရာဟောပြောပွဲများအား သထုံခရိုင်အတွင်းရှိ သထုံ၊ ပေါင်၊ ဘီးလင်း၊ ကျိုက်ထိုမြို့နယ်များ၌ ဇန်နဝါရီ ၁၀ ရက်က တစ်ပြိုင်တည်းကျင်းပခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဘီးလင်းမြို့ သာသနာ့ဝိမာန်တွင် အနီးဝန်းကျင် အ. ထ. က ကျောင်းများမှ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူ ၃၈၅ ဦးကိုလည်းကောင်း၊ တောင်စွန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းမှာရုံတွင် ကျောင်းသား ကျောင်းသူ ၅၈၉ ဦးကိုလည်းကောင်း တွေ့ဆုံ၍ မော်လမြိုင်တက္ကသိုလ်မှ ပါမောက္ခများ၊ ကထိက၊ လက်ထောက်ကထိကများက ဘာသာရပ်အလိုက် အမှတ်ပေးစည်းမျဉ်းနှင့် ဖြေဆိုမှုနည်းစနစ်ကိုလည်းကောင်း ဟောပြောပို့ချခဲ့သည်။

ယင်းနောက် သထုံခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွေမိုးအေးက ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်မြှင့်တင်ရေးဆိုင်ရာများအား ဟောပြောကာ သင်ကြားပို့ချပေးခဲ့သော မော်လမြိုင်တက္ကသိုလ်မှ ဆရာ၊ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယင်းသို့ အောင်ချက်မြင့်မားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ သထုံခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေမိုးအေးက "ကျွန်မတို့အမျိုးသမီးရေးရာအဖွဲ့အနေနဲ့ တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအတွက် နှစ်စဉ် စီမံချက်ရေးဆွဲပြီးဆောင်ရွက်နေတာပါ။

ဒီလထဲမှာ မော်လမြိုင်တက္ကသိုလ်က ဘာသာရပ်ကျွမ်းကျင်ဆရာ၊ဆရာမတွေကို ဖိတ်ကြားပြီး အထက်တန်းကျောင်းတွေမှာ အမှတ်ပေးစည်းမျဉ်းတွေကို ရှင်းလင်းဟောပြောတာတွေလုပ်မယ်။ ကျွန်မတို့အဖွဲ့ကတော့ ကလေးတွေ စိတ်ဓာတ်မြှင့်တင်ရေးအတွက်ဟောပြောခဲ့တယ်။ စာမေးပွဲနီးလို့ ညအိပ်စာဖတ်စခန်းတွေ ဖွင့်တဲ့အခါမှာလည်း ကလေးတွေကို စိတ်ဓာတ်မြှင့်တင်ပေးတာတွေ၊ အာဟာရကျွေးမွေးတာတွေကို လုပ်ဆောင်ပေးသွားဦးမှာပါ" ဟု ပြောသည်။

မွန်ပြည်နယ်သည် တက္ကသိုလ်ဝင်တန်းအောင်စာရင်းထုတ်ပြန်ချက်တွင် တစ်နိုင်ငံလုံး အောင်ချက်ပထမအဖြစ် ခြောက်နှစ်ဆက်တိုက်ရပ်တည်ခဲ့ကြောင်း သိရသည်။

ကိုကိုဇော်

ပန်းတနော်တွင် အတိုးနှုန်းသက်သာစွာဖြင့် စိုက်ပျိုးစရိတ်ပံ့ပိုးငွေ တတိယအကြိမ်ထုတ်ချေး

ပန်းတနော်၊ ဇန်နဝါရီ ၁၃

သမဝါယမဝန်ကြီးဌာနမှ ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ဖြင့် စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Exim Bank ချေးငွေဖြင့် စိုက်ပျိုးစရိတ်ပံ့ပိုးချေးငွေကို သက်သာသော အတိုးနှုန်းဖြင့် ထုတ်ချေးလျက်ရှိရာ ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ပန်းတနော်မြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ပန်းတနော်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း ၇၉ သင်းမှ အသင်းသားများကို တတိယအကြိမ်မြောက် ချေးငွေထုတ်ချေးခြင်းအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီဇော်က စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း ၇၉ သင်း၊ အသင်းသား ၅၁၇၆ ဦးအတွက် တတိယအကြိမ် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်း ၄၄၀၉ ဒသမ ၉ သိန်းအား အသင်းများကိုယ်စား ကျုံတိုင်းကလေးကျေးရွာရှိ အောင်ပြည့်ဖြိုး စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းဥက္ကဋ္ဌ ဦးမြဝင်းထံသို့ ပေးအပ်ခဲ့သည်။ ဆက်လက်၍ ဒုတိယအကြိမ်စိုက်ပျိုးစရိတ်ချေးငွေများအား အစောဆုံးပြေကျေစွာပေးဆပ်ခဲ့သည့် စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်း ၁၀ သင်းအား ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီဇော်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင် ဦးခင်မောင်ဇော်၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုချိုလွင်နှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသန်းလွင်တို့က ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။ **(၁GG)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

မြင်းမြို့၊ ဇန်နဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မဏိကဉ္စနာခန်းမ၌ ဇန်နဝါရီ ၉ ရက်မွန်းလွဲ ၁ နာရီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲပြုလုပ်၍ ဆိုင်ကယ်စီးဦးထုပ်များပေးအပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြင်းခြံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာနိုင်ရေးအကြောင်းများကို ပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ် (၁၁) ဒုတပ်ဖွဲ့ခွဲမှူးရဲမှူးသိန်းကိုကိုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်းကို ဟောပြော၍ မန္တလေးတိုင်းဒေသကြီးအတွင်းဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများကို ပရိုဂျက်တာဖြင့်ပြသ၍ ရှင်းလင်းအသိပညာပေးခဲ့သည်။

ယင်းနောက် ရဲမှူးသိန်းကိုကိုက တက်ရောက်လာသူများကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူးထံ တန်ဖိုးငွေကျပ် ၂၄ သိန်းကျော်တန်ဖိုးရှိသည့် ဆိုင်ကယ်စီးဦးထုပ် ၂၁၆ လုံးအား ပေးအပ်လျှောဒါန်းခဲ့သည်။

အဆိုပါ ဆိုင်ကယ်ဦးထုပ်များကို ဟောပြောပွဲသို့ တက်ရောက်လာသူများကို မဲဖောက်ပေးအပ်ခဲ့ကြောင်းသိရသည်။

ဟောပြောပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

စော်မင်းနိုင်(မြင်းမြို့)

❒ ❒ ❒

သထုံမြို့နယ် နောင်ဘိုကျေးရွာတွင် မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေး

သထုံ၊ ဇန်နဝါရီ ၁၃

မွန်ပြည်နယ် သထုံမြို့နယ် နောင်ဘိုကျေးရွာတွင် ဒေသခံပြည်သူများ စာပေဖတ်မှတ်သည့် အလေ့အကျင့်ကောင်းများ ရှင်သန်ပြီး အသိပညာဖွံ့ဖြိုးတိုးတက်နိုင်စေရန်အတွက် သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နောင်ဘိုကျေးရွာမျိုးဆက်သစ် လူငယ်စာဖတ်အသင်းတို့ ပူးပေါင်းကာ မိုဘိုင်းစာဌားစနစ်ဖြင့် ဇန်နဝါရီ ၁၀ ရက်က စတင်ကာ အ. ထ. က(ခွဲ) တွင် စာအုပ်များ အခမဲ့ လိုက်လံဌားရမ်းပေးခဲ့ကြောင်း သိရသည်။

"ရွာမှာ ပညာတတ်လူငယ် အများကြီးရှိသလို ပညာရေးဆုံးခန်းတိုင် အောင် မသင်ကြားနိုင်ဘဲ ကျောင်းထွက်ပြီး လယ်ယာနဲ့ ခြံလုပ်ငန်းတွေမှာ အလုပ်လုပ်နေကြရတဲ့လူငယ်တွေ အများကြီးပါ။

'အတန်းကျောင်းပညာ ဆက်မသင်ရပေမယ့် စာအုပ်စာပေကရတဲ့ အသိပညာတွေနဲ့ သူတို့ကိုလူရာဝင်အောင် ဖန်တီးပေးနိုင်လိမ့်မယ် ဆိုတာယုံကြည်လို့ ခုလိုစာဖတ်ခွင့်ရအောင်ဖန်တီးပေးတာပါ'ဟု လူငယ်စာဖတ်အသင်းမှ ဦးဆောင်လှုပ်ရှားသူ ဦးစောမြတ်ကိုကိုက ပြောသည်။

အဆိုပါလုပ်ငန်းတွင် ခရိုင်ပြည်သူ့စာကြည့်တိုက်မှ သုတ၊ ရသ၊ မဂ္ဂဇင်း၊ ရုပ်ပြ၊ ဝတ္ထု၊ ဂျာနယ် စသည့်စာအုပ်စာစောင်များကို ပြည်သူ့ဝန်ဆောင်မှုအဖြစ် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက အခမဲ့ဌားရမ်းပေးခဲ့ပြီး ယခုအပတ်မှ စတင်ကာ အပတ်စဉ် စနေနေ့တိုင်း ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ယခုကဲ့သို့ မိုဘိုင်းစာဌားစနစ်ဖြင့် စာအုပ်စာစောင်များ အခမဲ့လိုက်လံဌားရမ်းပေးခြင်းကို အပတ်စဉ် တနင်္လာနေ့မှ စနေနေ့အထိ သထုံမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် လိုက်လံဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများအား ဝန်ဆောင်မှုပေးလျက်ရှိသည်။

သက်ဦး(သထုံ)



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ်-၂စအီး၁၊ မြေကွက်အမှတ်-စ၇စီ၁၊ မြေကွက်တည်နေရာအမှတ်-၂(က)၊ မြောင်းမြလမ်း၊ ကျွန်းတောအလယ်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ဒေါ်သန်းနွဲ့ အမည်ပေါက်ဂရန်ရှိ မြေပိုင်မြေအား အမည်ပေါက် ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးမောင်မောင်ခင်[၁၂/ကမရ(နိုင်)၀၄၆၁၅၅]မှ တရားဝင်ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ၎င်း၏ GP၅၉၅၃/စ-၄-၁၃ဖြင့် ရရှိသူ ဒေါ်သွယ်သွယ်ခင်[၁၂/စခန(နိုင်)၀၂၀၇၇]မှ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အလင်းရောင်စာကြည့်တိုက်ဆောက်လုပ်နေမှု ကွင်းဆင်းကြည့်ရှု အသိပညာပေးဟောပြော

ကနီ ဇန်နဝါရီ ၁၃

နိုင်ငံတော်မတည်ငွေ ၁၀ သိန်းဖြင့် ဆောက်လုပ်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင် ကနီမြို့နယ် ယင်းယိမ်ကျေးရွာရှိ အလင်းရောင်စာကြည့်တိုက်အား ကနီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၁၀ ရက်တွင် စာကြည့်တိုက်ဆောက်လုပ်မှုအခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီးနောက် ပြည်သူအသိပညာပေးဟောပြောပွဲကို ယင်းယိမ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအိမ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

